# မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း
# ဖွဲ့စည်းပုံစည်းမျဉ်း

၂၀၁၆ ခုနှစ်

MHAA

# မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း

# ဖွဲ့စည်းပုံစည်းမျဉ်း

## အခန်း(၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

**အသင်း၏အမည်**

၁။ အသင်း၏အမည်ကို "မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း (မကသ)" ဟုခေါ်တွင်စေရမည်။ အင်္ဂလိပ်ဘာသာဖြင့် "Myanmar Health Assistant Association (MHAA) "ဟု ခေါ်တွင်စေရမည်။

**အဓိပ္ပာယ်ဖော်ပြချက်**

၂။ အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အသင်း** ဆိုသည်မှာ မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်း ဖွဲ့စည်းပုံစည်းမျဉ်းနှင့်အညီ အဆင့်ဆင့်ဖွဲ့စည်းထားသော ပြည်နယ်၊တိုင်းဒေသကြီး၊ ခရိုင် နှင့် မြို့နယ်ကျန်းမာရေးမှူးအသင်း တို့ကို ဆိုသည်။

(ခ) **နာယကအဖွဲ့** ဆိုသည်မှာ ဤဖွဲ့စည်းပုံစည်းမျဉ်းအရ ဖွဲ့စည်းသော အတိုင်ပင်ခံနာယကအဖွဲ့ ကိုဆိုသည်။

(ဂ) **အကြံပေးအဖွဲ့** ဆိုသည်မှာ မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း၏ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် အကြံဉာဏ်ပေးနိုင်ရန်ပညာရှင်များဖြင့် ဖွဲ့စည်းသော အဖွဲ့ကိုဆို သည်။

(ဃ) **လုပ်ငန်းအဖွဲ့** ဆိုသည်မှာ မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း ဖွဲ့စည်းပုံစည်းမျဉ်းနှင့်အညီ လုပ်ငန်းလိုအပ်ချက်အရ ဖွဲ့စည်းထားသော လုပ်ငန်းအဖွဲ့များကို ဆိုသည်။

(င) **ရုံးအဖွဲ့** ဆိုသည်မှာ မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း၏ ရုံးလုပ်ငန်းဆိုင်ရာကိစ္စရပ်များကို တာဝန် ယူဆောင်ရွက်ရန် ဖွဲ့စည်းထားသောအဖွဲ့ကို ဆိုသည်။

(စ) **အထောက်အကူပြုအဖွဲ့** ဆိုသည်မှာ မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း ရည်မှန်းချက် များနှင့် အညီ ဆောင်ရွက်နေသောလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲရန် ဗဟိုအမှုဆောင်အဖွဲ့မှ တာဝန်ပေး အပ်ထား သော အဖွဲ့ကို ဆိုသည်။

(ဆ) **မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းညီလာခံ** ဆိုသည်မှာ ညီလာခံသို့တက်ရောက်ခွင့်ရှိသည့် ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အသင်း တို့မှကိုယ်စား လှယ်များ ပါဝင်တက်ရောက် သည့် နှစ်နှစ်လျှင်တစ်ကြိမ်ကျင်းပသော ညီလာခံ ကိုဆိုသည်။ ယင်းစကား ရပ်တွင် ယင်းအသင်း၏ အထူးညီလာခံလည်းပါဝင် သည်။

(ဇ) **ဗဟိုဦးစီးအဖွဲ့အစည်းအဝေး** ဆိုသည်မှာ ညီလာခံကျင်းပခြင်းမပြုသည့်နှစ်တွင်ပြုလုပ်သည့် ခရိုင်အသင်းဥက္ကဋ္ဌ နှင့် အတွင်းရေးမှူးများက ကိုယ်စားလှယ်အဖြစ်တက်ရောက်သော ဗဟိုဦးစီးအဖွဲ့ အစည်းအဝေး ကိုဆိုသည်။ ယင်းစကားရပ်တွင် ဗဟိုဦးစီးအဖွဲ့၏အထူး အစည်းအဝေးလည်းပါဝင် သည်။

(ဈ) **ကျန်းမာရေးမှူး** ဆိုသည်မှာ လက်ထောက်ကျန်းမာရေးမှူးသင်တန်း သို့မဟုတ် ကျန်းမာရေး သိပ္ပံဘွဲ့ (အခြေခံကျန်းမာရေး) အောင်လက်မှတ်ရရှိပြီးသူကို ဆိုသည်။

(ည) **အသင်းဝင်** ဆိုသည်မှာ လက်ထောက်ကျန်းမာရေးမှူးသင်တန်း သို့မဟုတ် ကျန်းမာရေးသိပ္ပံဘွဲ့ ရရှိသူကသတ်မှတ်ထားသော အသင်းဝင်ခွင့်ပုံစံကိုဖြည့်စွက်လျှောက်ထား၍ သတ်မှတ်သည့် အသင်းဝင်ကြေး ပေးသွင်းပြီး အသင်း၏အသိအမှတ်ပြုခြင်းခံရသူကို ဆိုသည်။

## အခန်း(၂)

## မျှော်မှန်းချက်၊ ရည်မှန်းချက် နှင့် မဟာဗျူဟာများ

**မျှော်မှန်းချက်( Vision )**

၃။ အသင်းသည်-

(က) ပြည်သူလူထု၏ ကျန်းမာရေးဆိုင်ရာ ကောင်းကျိုးသုခအတွက် ပြည်သူလူထုတို့ကိုယ်တိုင်ပါဝင် ဆုံးဖြတ်ခွင့်ရရှိ၍ထိရောက်ကျယ်ပြန့်သော ကျန်းမာရေးစောင့်ရှောက်မှုကို လွယ်လွယ်ကူကူ လက်လှမ်း မီစွာရရှိရေးအတွက် ဆောင်ရွက်မည်။

(ခ) ကျေးလက်ဒေသတွင် ကျန်းမာရေးစောင့်ရှောက်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက်မြှင့်တင်ဆောင်ရွက် မည်။

(ဂ) ကျန်းမာရေးမှူးများ၏ စွမ်းဆောင်ရည်တိုးတက်လာစေရန် ဆောင်ရွက်မည်။

(ဃ) ကျန်းမာရေးမှူးများ စည်းလုံးညီညွတ်၍ အပြန်အလှန်ကူညီခြင်း ပူးပေါင်းဆောင်ရွက်ခြင်းပြုနိုင်ရေး အတွက် ပူးပေါင်းဆောင်ရွက်မည်။

**ရည်မှန်းချက် (Mission)**

၄။ အသင်း၏ ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကျန်းမာရေး စောင့်ရှောက်မှုပေးရာတွင် အစိုးရဌာန ၊ အစိုးရအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေး၊

(ခ) ကျန်းမာရေးသတင်းအချက်အလက်များ ဖြန့်ဝေခြင်း၊ ဒေသအလိုက် ဖြစ်လေ့ဖြစ်ထရှိသော ရောဂါ များကို ကာကွယ်ရေး၊ အလှမ်းဝေးကွာ၍ လက်လှမ်းမမီသော နေရာဒေသများတွင် ကျန်းမာရေး စောင့်ရှောက်မှု ပေးနိုင်ရေး၊

(ဂ) ကျန်းမာရေးစောင့်ရှောက်မှုပေးသည့် အခြားသောပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်ခြင်းပြုရေး၊

(ဃ) ကျန်းမာရေးနှင့်နီးနွယ်သော လုပ်ဆောင်ချက်များတိုးတက်ရေးအတွက်လည်းကောင်း၊ ကျေးလက် ဒေသနေ ပြည်သူလူထုကျန်းမာရေး တိုးတက်ကောင်းမွန်ရေး၊

(င) အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဖြစ်စေရေးအတွက် ဆောင်ရွက် မည်။

**မဟာဗျူဟာများ (Strategy)**

၅။ အသင်းသည်-

(က) ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အရည်အသွေးပြည့်ဝစွာ ဆောင်ရွက်နိုင်သည့် ကျန်းမာရေးမှူးများဖြစ်ရေးအတွက် စွမ်းဆောင်ရည်ကို မြှင့်တင်မည်။

(ခ) ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်သည့် လုပ်ဖော်ကိုင်ဖက်ကျန်းမာရေးမှူးများ အကြား အပြန်အလှန် ချိတ်ဆက်သည့် ကွန်ယက် ဖော်ဆောင်မည်။

(ဂ) ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို ပြည်သူလူထုက လက်ခံယုံကြည်ကိုးစားပြီးတက်ကြွစွာ ပူးပေါင်း ပါဝင်ဆောင်ရွက်ရေးအတွက် စည်းရုံးဆောင်ရွက်မည်။

(ဃ) အလှမ်းဝေးကွာ၍ လက်လှမ်းမမီ သောဒေသများတွင် ပဏာမကျန်းမာရေးစောင့်ရှောက်မှုနှင့် အကျုံးဝင်သည့်လုပ်ငန်းများ ချက်ချင်းဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်မည်။

(င) ပြည်သူလူထု၏ ကျန်းမာရေးအသိပညာ မြင့်မားရေးအတွက် ဆောင်ရွက်မည်။

(စ) ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအားစောင့်ကြည့်အကဲဖြတ်(Mornitoring and Evaluation) စနစ်ထူထောင်မည်။

**ရည်ရွယ်ချက်များ (Objectives)**

၆။ အသင်း၏ရည်ရွယ်ချက်များမှာအောက်ပါအတိုင်းဖြစ်သည်-

(က) ပြည်သူလူထု၏၏ ကျန်းမာရေးတိုးတက်ကောင်းမွန်ရေးကို ရှေ့ရှုဆောင်ရွက်ရန်၊

(ခ) ကူးစက်ရောဂါဖြစ်ပွားမှုကို ကာကွယ်ရန်၊

(ဂ) ဆင်းရဲနွမ်းပါးသောပြည်သူလူထုအကြား ကျန်းမာရေးအသိရှိမှု၊ စိတ်ဝင်စားမှု၊ နိုးကြား မှုများ မြှင့်တင်ရန်၊

(ဃ) ကူးစက်ရောဂါကာကွယ်နိုင်ရေးအတွက် တစ်ကိုယ်ရည်သန့်ရှင်းရေး နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး ဆိုင်ရာအသိပညာနှင့် အလေ့အကျင့်များ မြှင့်တင်ရာတွင် အထောက်အကူပြုဆောင်ရွက်ရန်၊

(င) ကျန်းမာရေးပြန်လည်ထူထောင်မှုလုပ်ငန်းများကို ပြည်သူလူထုအခြေပြုဆောင်ရွက်ရန်၊

(စ) ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများနှင့် စပ်လျဉ်း၍ သုတေသနပြုရန်၊

(ဆ) ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို စောင့်ကြည့်အကဲဖြတ် (Mornitoring and Evaluation) ရန်။

## အခန်း(၃)

## အသင်းတည်နေရာ၊ အလံ၊ အမှတ်တံဆိပ်၊ ရုံးတံဆိပ် နှင့် ရင်ထိုးတံဆိပ်

**အသင်းတည်နေရာ**

၇။ အသင်း၏ ဗဟိုဦးစီးအဖွဲ့ နှင့် ဗဟိုအမှုဆောင်အဖွဲ့ရုံးထိုင်ရာ အဆောက်အအုံ သည် ရန်ကုန်မြို့ တွင် တည်ရှိသည်။

**အလံ**

၈။ အသင်း၏ အလံသည်-

(က) အလျား ၇၂ လက်မနှင့် အနံ ၄၈ လက်မရှိသည့် ထောင့်မှန်စတုဂံဖြစ်သည်၊

(ခ) အောက်ခံအပြာရောင် (Sky Blue) ဖြစ်ပြီးအလယ်ဗဟိုတည့်တည့်တွင်အသင်း၏ အပိုဒ် ၉ အရ သတ်မှတ်သော အမှတ်တံဆိပ်ပါရှိသည်။

**အထိမ်းအမှတ်တံဆိပ်**

၉။ မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း၏အထိမ်းအမှတ်တံဆိပ်တွင် အောက်ပါတို့ပါဝင်သည်-

(က) ကျန်းမာရေးနှင့်သက်ဆိုင်မှုကို ရည်ညွှန်းသော အနက်ရောင်မြွေနှင့်အဖြူရောင်တောင်ဝှေး ၊

(ခ) မြင့်မားခြင်း၊ ကျော်လွှားခြင်းနှင့် ရှေ့သို့တိုးတက်လမ်းကိုအစဉ်သဖြင့် ဆက်လက်ရှာဖွေချီတက်နေခြင်းကို ရည်ညွှန်းသော ရွှေဝါရောင်တောင်ပံ ၊

(ဂ) မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းရှိသော ကျေးလက်နေတောင်သူလယ်သမားအများစုနှင့် လူထုကိုကိုယ်စားပြုရည်ညွှန်းသော ရွှေဝါရောင်စပါးနှံ ၊

(ဃ) အမိမြန်မာနိုင်ငံတော်နှင့် ကိုယ်ပိုင်အလင်းရောင်ထွန်းလင်းတောက်ပခြင်းကို ရည်ညွှန်းသော ကြယ်ဖြူတစ်ပွင့်၊

(င) လူနှင့်ပတ်ဝန်းကျင်ကို ကျန်းမာရေးတည်းဟူသောအလင်းရောင်ဖြင့် ဖြန့်ကျက်စောင့်ရှောက်မှုပေးခြင်းကို ရည်ညွှန်းသော ကြယ်ဖြူအထက်ရှိ ဖြာထွက်နေသော အနီရောင်တန်းများ။

၁၀။ အထိမ်းအမှတ်တံဆိပ်ပါ -

(က) အပြာရောင်(Sky Blue)သည် တည်ကြည်ခြင်း၊ မှန်ကန်ခြင်းကို ရည်ညွှန်းသည်။

(ခ) အနီရောင်သည် ရဲရင့်ခြင်းနှင့် ပြတ်သားခြင်းကို ရည်ညွှန်းသည်။

(ဂ) အဖြူရောင်သည် သန့်ရှင်းဖြူစင်ရိုးသားခြင်းနှင့် သိက္ခာရှိခြင်းကို ရည်ညွှန်းသည်။

(ဃ) ရွှေဝါရောင်သည် လူအများ နှစ်သက်မြတ်နိုးတန်ဘိုးထားခြင်းနှင့် ဂုဏ်ကျက်သရေရှိခြင်းကို ရည်ညွှန်းသည်။

၁၁။ **အသင်း၏ရုံးတံဆိပ်**

အသင်း၏ရုံးတံဆိပ်တွင်-


(က) အချင်း နှစ်လက်မရှိသော အပြင်စက်ဝိုင်းနှင့် တစ်လက်မခွဲရှိ သော အတွင်းစက်ဝိုင်းပါရှိသည်၊

(ခ) အတွင်းစက်ဝိုင်း၌ စာအမှတ် (Letter) နှင့် ရက်စွဲ (Date) ပါဝင်သည်၊

(ဂ) စက်ဝိုင်း နှစ်ထပ်အကြား အထက်ပိုင်း၌ မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း (Myanmar Health Assistant Association) စာသားပါဝင်သည်။

(ဃ) စက်ဝိုင်း နှစ်ထပ်အကြား အောက်ပိုင်း၌-

(၁) ဗဟိုဦးစီးအဖွဲ့နှင့် ဗဟိုအမှုဆောင်အဖွဲ့တို့ အသုံးပြုသော ရုံးတံဆိပ်ဖြစ်လျှင် ရန်ကုန် ( Yangon) ဟုဖော်ပြသည်။



(၂) ပြည်နယ်အသင်းအသုံးပြုသောရုံးတံဆိပ် ဖြစ်လျှင် -------- ပြည်နယ်ဟု ဖော်ပြသည်။




(၃) တိုင်းအသင်းအသုံးပြုသော ရုံးတံဆိပ် ဖြစ်လျှင် -------- တိုင်းဟု ဖော်ပြသည်။




(၄) ခရိုင်အသင်းအသုံးပြုသောရုံးတံဆိပ် ဖြစ်လျှင် -------- ခရိုင်ဟု ဖော်ပြသည်။




(၅) မြို့နယ်အသင်းအသုံးပြုသောရုံးတံဆိပ် ဖြစ်လျှင် -------- မြို့နယ်ဟု ဖော်ပြသည်။



၁၂။ **အသင်း၏ရင်ထိုးတံဆိပ်**

အသင်း၏ရင်ထိုးတံဆိပ်သည် အသင်း၏ အထိမ်းအမှတ်တံဆိပ်အတိုင်းဖြစ်သည်။

## အခန်း(၄)

## အသင်းဝင်ဖြစ်ခြင်းနှင့် တာဝန်နှင့် လုပ်ပိုင်ခွင့်များ

**အသင်းဝင်ဖြစ်ခြင်း**

၁၃။ လက်ထောက်ကျန်းမာရေးမှူးသင်တန်းအောင်မြင်ပြီးသူ၊ သို့မဟုတ် ကျန်းမာရေးသိပ္ပံဘွဲ့ (အခြေခံကျန်းမာရေး) ရရှိသူတိုင်းသည် သက်ဆိုင်ရာမြို့နယ်အသင်းတွင်ဖြစ်စေ၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့တွင်ဖြစ်စေ အသင်းဝင်ဖြစ်ရန် သတ်မှတ်ပုံစံဖြင့် လျှောက်ထားခွင့်ရှိသည်။

၁၄။ ဗဟိုအလုပ်အမှုဆောင်အဖွဲ့သည် သက်ဆိုင်ရာမြို့နယ်အသင်းက ပေးပို့ချက်အရဖြစ်စေ၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့သို့ တိုက်ရိုက်လျှောက်ထားချက်အရဖြစ်စေ အသင်းဝင်လျှောက်လွှာကိုလက်ခံရရှိသည့်အခါသတ်မှတ်ပုံစံပါ လိုအပ် ချက်များ ပြည့်စုံစွာပါဝင်ခြင်းရှိ မရှိ စိစစ်ပြီး-

- (က) သတ်မှတ်ပုံစံပါလိုအပ်ချက်များပြည့်စုံစွာ ပါဝင်ခြင်းမရှိကြောင်းတွေ့ရှိပါက လိုအပ်ချက်များကို ပြင်ဆင် ဖြည့်စွက်ရန်လျှောက်ထားသူထံ အကြောင်းကြားနိုင်သည်။
- (ခ) သတ်မှတ်ပုံစံပါလိုအပ်ချက်များ ပြည့်စုံစွာပါဝင်ကြောင်းတွေ့ရှိလျှင်ဖြစ်စေ အပိုဒ်ခွဲ (က) အရ ပြည့်စုံစွာ ပြင်ဆင်ဖြည့်စွက်၍ ပြန်လည် တင်ပြလျှင်ဖြစ်စေ သတ်မှတ်သော အသင်းဝင် မှတ်ပုံတင်ကြေးကို ပေးသွင်းစေပြီးအသင်းဝင်အဖြစ် အသိအမှတ်ပြုကြောင်း လျှောက်ထားသူထံ အကြောင်းကြားရမည်။

**အသင်းဝင်တို့၏တာဝန်**

၁၅။အသင်းသားတိုင်းသည်-

(က) အောက်ပါအချက်များကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့ရှေ့တွင် ကတိသစ္စာပြုရမည်။

- (၁) ကျွန်ုပ်တို့သည် နိုင်ငံတော်နှင့်ပြည်သူကို သစ္စာစောင့်သိရှိသေပါမည်။
- (၂) ကျွန်ုပ်တို့သည် ပြည်သူ့ကျန်းမာရေးစနစ်နှင့် ဘဝတူ ကျန်းမာရေးမှူးတို့အပေါ် သစ္စာစောင့်သိ ရှိသေပါမည်။
- (၃) ကျွန်ုပ်တို့သည် အများပြည်သူကျန်းမာရေးအတွက် ကိုယ်ကျိုးမငဲ့ဘဲစေတနာ့ဝန်ထမ်းဆောင်ရွက် ပါမည်။
- (၄) ကျွန်ုပ်တို့သည် အခြေခံကျန်းမာရေးဝန်ထမ်းများ၏ သစ္စာအဓိဋ္ဌာန်အတိုင်းလိုက်နာဆောင်ရွက် ပါ မည်၊
- (၅) ကျွန်ုပ်တို့သည် မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းက ပေးအပ်သောတာဝန်ကိုကျေပွန်စွာထမ်း ဆောင်ပါမည်။

(ခ) မိမိအသင်း၏ အစဉ်အလာနှင့် ဂုဏ်သိက္ခာများကို စောင့်ထိန်းရမည်။

(ဂ) အသင်း၏မျှော်မှန်းချက် (Vision) နှင့် ရည်မှန်းချက် (Mission) များအောင်မြင်ရေးအတွက် ပေးအပ်သည့် တာဝန်ကို ကျေပွန်အောင် ဆောင်ရွက်ရမည်။

(ဃ) အသင်းဝင်များအချင်းချင်း အပြန်အလှန်ယုံကြည်ခြင်း၊ ချစ်ခင်လေးစားခြင်း၊ ရိုင်းပင်းကူညီခြင်း၊ ပူးပေါင်း ဆောင်ရွက်ခြင်း ပြုရမည်။

(င) လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် အများ၏ဆန္ဒနှင့်သဘောထားအတိုင်း လိုက်နာ ကျင့်သုံးရမည်။

(စ) လူမျိုး၊ ဘာသာအစွဲ၊ ပုဂ္ဂိုလ်စွဲများ ထားရှိခြင်းမပြုရ။

(ဆ) အသင်း၏ဂုဏ်သိက္ခာနှင့် အကျိုးစီးပွားကို ထိပါးစေမည့်ကိစ္စရပ်များကို ကာကွယ် စောင့်ရှောက်ရမည်။

(ဇ) အသင်းဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းနှင့် အမှုဆောင်အဖွဲ့၏ဆုံးဖြတ်ချက်ကို လေးစား လိုက်နာရမည်။

(ဈ) အသင်းဝင်တစ်ဦးသည် ပြည်သူ့ကျန်းမာရေးပြဿနာတိုင်းတွင် တာဝန်ရှိသည်ဟု ခံယူရမည်။

**အသင်းဝင်တို့၏ရပိုင်ခွင့်များ**

၁၆။ အသင်းဝင်တိုင်းသည်-

(က) ဖွဲ့စည်းပုံစည်းမျဉ်းပါ သတ်မှတ်ချက်နှင့်အညီ ဆန္ဒမဲပေးပိုင်ခွင့်နှင့် ရွေးချယ်တင်မြှောက်ခံ ပိုင်ခွင့်ရှိသည်။

(ခ) အသင်းမှကျင်းပသောညီလာခံများ၊ အစည်းအဝေးများနှင့် ဆွေးနွေးပွဲများသို့ တက်ရောက်ခွင့်ရှိသည်။

(ဂ) မိမိတင်ပြဆွေးနွေးလိုသည့်အကြောင်းအရာများကို ညီလာခံ သို့မဟုတ် အစည်းဝေးတွင် တက်ရောက် ဆွေးနွေးခွင့်ရှိသည့် ကိုယ်စားလှယ်များမှတစ်ဆင့်တင်ပြ ဆွေးနွေးနိုင်သည်။

(ဃ) အသင်း၏အခြေခံစည်းမျဉ်းအရ သတ်မှတ်ထားသောတံဆိပ်နှင့် အဆောင်အယောင်များကို သုံးစွဲခွင့်ရှိ သည်။

**အသင်းဝင်အဖြစ်မှ နှုတ်ထွက်ခွင့်ပြုခြင်း**

၁၇။ (က) အသင်းဝင်တစ်ဦးသည် မိမိသဘောဆန္ဒအလျောက် အသင်းဝင်အဖြစ်မှ နှတ်ထွက်ခွင့်ရှိသည်။

(ခ) နှုတ်ထွက်လွှာကို မြို့နယ်အသင်းမှတစ်ဆင့်နှုတ်ထွက်လိုသော အကြောင်းကို ဖော်ပြရမည်။

(ဂ) နှုတ်ထွက်လွှာကို အနီးဆုံးဗဟိုအမှုဆောင်အဖွဲ့အစည်းအဝေးက သဘောတူလက်ခံပါက အသင်းဝင်အဖြစ်မှနှုတ်ထွက်ခွင့်ပြုသည်။

(ဃ) အသင်းဝင်၏ နှုတ်ထွက်လွှာနှင့် ဗဟိုအမှုဆောင်အဖွဲ့၏ဆုံးဖြတ်ချက်ကို အသင်းအဖွဲ့အစည်း အဆင့်ဆင့်သို့ အကြောင်းကြားရမည်။

**အသင်းဝင်အဖြစ်မှရပ်စဲခြင်း**

၁၈။ အသင်းဝင်တစ်ဦးသည် အောက်ပါအချက်တစ်ရပ်ရပ်နှင့်ငြိစွန်းကြောင်းပေါ်လွင်လျှင် အသင်းဝင်အဖြစ်မှ ရပ်စဲခြင်း ခံရမည်-

(က) အလွဲသုံးစားပြုခြင်း၊

(ခ) အသင်း၏အကျိုးစီးပွား ပျက်ပြားစေရန်သော်လည်းကောင်း၊ ဂုဏ်သိက္ခာညှိုးနွမ်းစေရန်သော် လည်းကောင်း ပြုမူပြောဆိုရေးသားခြင်း၊

(ဂ) ကျန်းမာရေးမှူးတစ်ဦး လိုက်နာကျင့်သုံးရမည့်ကျင့်ဝတ်နှင့် ဂုဏ်သိက္ခာ ဖောက်ဖျက်ကျူးလွန်ခြင်း၊

(ဃ) နိုင်ငံတော်၏ ဥပဒေတစ်ရပ်ရပ်ကို ဖေါက်ဖျက်ကျူးလွန်၍ ပြစ်မှုထင်ရှား စီရင်ခံရခြင်း၊

(င) ဆေးမှတ်တမ်းအရ ရူးသွပ်ခြင်း၊

(စ) ကွယ်လွန်ခြင်း။

၁၉။ (က) အသင်းဝင်တစ်ဦးသည် အပိုဒ် ၁၈ ပါအချက်တစ်ရပ်ရပ်နှင့် ငြိစွန်းမှုရှိကြောင်းစွပ်စွဲခံရလျှင် ဗဟို အလုပ် အမှုဆောင်အဖွဲ့က မိမိကိုယ်တိုင်ဖြစ်စေ၊ အာဏာအပ်နှင်းထားသောအဖွဲ့ကဖြစ်စေ အသေးစိတ်စစ် ဆေးရမည်။

(ခ) အပိုဒ်ခွဲ(က)အရစစ်ဆေးတွေ့ရှိချက်မှတ်တမ်းကို ဗဟိုအမှုဆောင်အဖွဲ့သို့ မိမိသဘောထားနှင့် အတူ တင်ပြရမည်။

(ဂ) ဗဟိုအမှုဆောင်အဖွဲ့သည် အပိုဒ်ခွဲ(ခ)အရတင်ပြချက်ကိုစိစစ်ပြီး စွပ်စွဲခံရသည့် အသင်းဝင်သည် အပိုဒ်၁၈ပါအချက်တစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်းတွေ့ရှိရပါက အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် အသင်းဝင်အဖြစ်မှ ရပ်စဲနိုင်သည်။

**အယူခံဝင်ခြင်း**

၂၀။ ဗဟိုအမှုဆောင်အဖွဲ့က အသင်းဝင်အဖြစ်မှရပ်စဲခြင်းခံရသူအသင်းဝင်သည် ဗဟိုအမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်ကိုမကျေနပ်လျှင် အနီးစပ်ဆုံးညီလာခံသို့ မိမိအားကိုးအားထားပြုသည့် အထောက်အထားများနှင့် အတူ အယူခံနိုင်သည်။

**အသင်းဝင်အဖြစ်ပြန်လည်အသိအမှတ်ပြုခြင်း**

၂၁။ အကြောင်းတစ်ခုခုကြောင့် အသင်းဝင်အဖြစ်မှ ရပ်စဲခြင်းခံရသူ သို့မဟုတ် နှုတ်ထွက်သူသည် အောက်ပါ အချက် တစ်ရပ်ရပ်တွင် အကျုံးဝင်ပါက အသင်းဝင်အဖြစ် ပြန်လည်လက်ခံပေးရန် လျှောက်ထားနိုင်သည်-

(က) နိုင်ငံတော်ဥပဒေတစ်ရပ်ရပ်ဖြင့် ပြစ်မှုထင်ရှား စီရင်ခြင်းမခံရခြင်း၊

(ခ) အသင်း၏အကျိုးပျက်ပြားစေခြင်းနှင့် ဂုဏ်သိက္ခာညှိုးနွမ်းစေခြင်းတို့ကိုမပြုလုပ်ပါဟု ယုံကြည် ထိုက်သော ကတိပြုဝန်ခံချက်ပေးခြင်း၊

(ဂ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့မှ အသင်းသားအဖြစ် သဘောတူလက်ခံကြောင်း သဘောတူညီခြင်း၊

## အခန်း(၅)
## အသင်းအဆင့်ဆင့်ဖွဲ့စည်းပုံ

**နာယကအဖွဲ့များဖွဲ့စည်းခြင်း**

၂၂။ မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းတွင်အောက်ပါပုဂ္ဂိုလ်များကို နာယကများအဖြစ်ထည့်သွင်းဖွဲ့စည်းရမည်-

(က) ညွှန်ကြားရေးမှူးချုပ်၊ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊

(ခ) ညွှန်ကြားရေးမှူးချုပ်၊ကုသရေးဦးစီးဌာန၊

(ဂ) ညွှန်ကြားရေးမှူးချုပ်၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊

(ဃ) ပါမောက္ခချုပ်၊ အခြေခံကျန်းမာရေးတက္ကသိုလ်၊

(င) ဗဟိုဦးစီးအဖွဲ့ဝင်များက မဲစနစ်ဖြင့်ရွေးချယ်သော ကျန်းမာရေးမှူး(အငြိမ်းစား) ၅-ဦး။

၂၃။ မြို့နယ်အသင်းတွင်အောက်ပါပုဂ္ဂိုလ်များကို နာယကများအဖြစ် ထည့်သွင်းဖွဲ့စည်းရမည်-

(က) မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး (၁)ဦး

(ခ) မြို့နယ်ကုသရေးဦးစီးဌာနမှူး (၁)ဦး

(ဂ) အငြိမ်းစားကျန်းမာရေးမှူး သို့မဟုတ် ကျန်းမာရေးမှူး (၂)ဦး

၂၄။ ခရိုင်အသင်းတွင်အောက်ပါပုဂ္ဂိုလ်များကို နာယကများအဖြစ် ထည့်သွင်းဖွဲ့စည်းရမည်-

(က) ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး (၁)ဦး

(ခ) ခရိုင်ကုသရေးဦးစီးဌာနမှူး (၁)ဦး

(ဂ) အငြိမ်းစားကျန်းမာရေးမှူး (သို့မဟုတ်) ကျန်းမာရေးမှူး (၂)ဦး

၂၅။ တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်အသင်းတွင်အောက်ပါပုဂ္ဂိုလ်များကို နာယကများအဖြစ် ထည့်သွင်းဖွဲ့စည်း ရမည်-

(က) တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး (၁)ဦး

(ခ) တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်ကုသရေးဦးစီးဌာနမှူး (၁)ဦး

(ဂ) အငြိမ်းစားကျန်းမာရေးမှူး သို့မဟုတ် ကျန်းမာရေးမှူး (၂)ဦး

**မြို့နယ်အသင်းအမှုဆောင်အဖွဲ့ ဖွဲ့စည်းခြင်း**

၂၆။ မြို့နယ်အသင်းအမှုဆောင်အဖွဲ့ကို ဖွဲ့စည်းရာတွင်-

(က) ဥက္ကဋ္ဌတစ်ဦး၊ အတွင်းရေးမှူးတစ်ဦးနှင့် ဘဏ္ဍာရေးမှူးတစ်ဦး တို့ဖြင့် ဖွဲ့စည်းရမည်။

(ခ) အသင်းဝင်သုံးဦးမရှိသောမြို့နယ်တွင် ဗဟိုမှ တိုက်ရိုက်ကြီးကြပ်၍ မြို့နယ်စည်းရုံးရေးမှူး တစ်ဦးကို ရွေးချယ်ခန့်အပ် တာဝန်ပေးရမည်။

၂၇။ (က) ပုဒ်မ ၂၆ အရဖွဲ့စည်းသော မြို့နယ်အသင်းကို မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း(----)မြို့နယ် ဟုခေါ်တွင်စေရမည်။ ဥပမာ၊ မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း (အင်းစိန်မြို့နယ်)

(ခ) မြို့နယ်အသင်း၏သက်တမ်းသည် ၂-နှစ်ဖြစ်သည်။ ဗဟိုအသင်း၏သက်တမ်းနှင့် လိုက်လျောညီထွေမှု ရှိရမည်။

**ခရိုင်အသင်းအမှုဆောင်အဖွဲ့ ဖွဲ့စည်းခြင်း**

၂၈။ ခရိုင်အသင်းအမှုဆောင်အဖွဲ့ကို ဖွဲ့စည်းရာတွင်-

(က) သက်ဆိုင်ရာမြို့နယ်အသင်းများမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများဖြင့် ဖွဲ့စည်းရမည်။

(ခ) မြို့နယ်အသင်း သုံးခုအောက်ရှိသော ခရိုင်တွင် ခရိုင်အသင်းကို ဥက္ကဋ္ဌတစ်ဦး၊ အတွင်းရေးမှူး တစ်ဦးနှင့် ဘဏ္ဍာရေးမှူးတစ်ဦး စုစုပေါင်း သုံးဦးဖြင့် ဖွဲ့စည်းရမည်။

(ဂ) မြို့နယ်အသင်း လေးခုမှ ငါးခုအထိရှိသော ခရိုင်တွင် ခရိုင်အသင်းကို ဥက္ကဋ္ဌတစ်ဦး၊ ဒု ဥက္ကဋ္ဌ တစ်ဦး၊ အတွင်းရေးမှူးတစ်ဦး၊ ဘဏ္ဍာရေးမှူးတစ်ဦး နှင့် စာရင်းစစ်တစ်ဦး စုစုပေါင်းငါးဦးဖြင့် ဖွဲ့စည်းရမည်။

(ဃ) မြို့နယ်အသင်း ခြောက်ခုနှင့် အထက်ရှိသော ခရိုင်တွင် ခရိုင်အသင်းကို မြို့နယ်အသင်းများမှ ဥက္ကဋ္ဌ၊ သို့မဟုတ် အတွင်းရေးမှူးတစ်ဦးစီပါဝင်စေပြီး ယင်းတို့အနက်မှ ဥက္ကဋ္ဌတစ်ဦး၊ ဒု ဥက္ကဋ္ဌ တစ်ဦး၊ အတွင်းရေးမှူးတစ်ဦး၊ ဘဏ္ဍာရေးမှူးတစ်ဦး၊ စာရင်းစစ်တစ်ဦးနှင့် အဖွဲ့ဝင်တစ်ဦး စုစုပေါင်း ခုနစ်ဦးဖြင့် ဖွဲ့စည်းရမည်။

(င) ခရိုင်အသင်းဖွဲ့စည်းရာတွင် ခရိုင်အတွင်းရှိ မြို့နယ်များ၏ အနည်းဆုံး မြို့နယ် ထက်ဝက်ကျော် ဖွဲ့စည်းနိုင်ရမည်။

(စ) မြို့နယ်များ၏ အသင်းထက်ဝက်ကျော်ကို မဖွဲ့စည်းနိုင်သော ခရိုင်တွင် ဗဟိုမှ တိုက်ရိုက်ကြီးကြပ်၍ခရိုင်စည်းရုံးရေးမှူးတစ်ဦးကိုရွေးချယ်ခန့်အပ်တာဝန်ပေးရမည်။

၂၉။ အပိုဒ် ၂၈ အရဖွဲ့စည်းသော ခရိုင်အသင်းတစ်ခုမှ ဥက္ကဋ္ဌသည် ဗဟိုအမှုဆောင်အဖွဲ့မှပေးအပ်သော တာဝန်ကိုဖြစ်စေ၊ စီမံချက်နှင့် အခြားတာဝန်များကိုဖြစ်စေ ထမ်းဆောင်ရလျှင် ယင်းသို့တာဝန်ထမ်းဆောင်ဆဲ ကာလ၌ ဒုတိယဥက္ကဋ္ဌသည် ဥက္ကဋ္ဌ၏တာဝန်များကို ယာယီထမ်းဆောင်ရမည်။

**တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်အသင်းအမှုဆောင်အဖွဲ့ ဖွဲ့စည်းခြင်း**

၃၀။ တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်အသင်းအမှုဆောင်အဖွဲ့ကို ဖွဲ့စည်းရာတွင်-

(က) သက်ဆိုင်ရာခရိုင်အသင်းများမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများဖြင့် ဖွဲ့စည်းရမည်။

(ခ) ခရိုင်အသင်း သုံးခုအောက်ရှိသော ခရိုင်တွင် ခရိုင်အသင်းကို ဥက္ကဋ္ဌတစ်ဦး၊ အတွင်းရေးမှူး တစ်ဦးနှင့် ဘဏ္ဍာရေးမှူးတစ်ဦး စုစုပေါင်း သုံးဦးဖြင့် ဖွဲ့စည်းရမည်။

(ဂ) ခရိုင်အသင်း လေးခုမှ ငါးခုအထိရှိသော ခရိုင်တွင် ခရိုင်အသင်းကို ဥက္ကဋ္ဌတစ်ဦး၊ ဒု ဥက္ကဋ္ဌ တစ်ဦး၊ အတွင်းရေးမှူးတစ်ဦး၊ ဘဏ္ဍာရေးမှူးတစ်ဦး နှင့် စာရင်းစစ်တစ်ဦး စုစုပေါင်းငါးဦးဖြင့် ဖွဲ့စည်းရမည်။

(ဃ) ခရိုင်အသင်း ခြောက်ခုနှင့် အထက်ရှိသော တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်တွင် တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်အသင်းကို ခရိုင်အသင်းများမှ ဥက္ကဋ္ဌ၊ သို့မဟုတ် အတွင်းရေးမှူး တစ်ဦးစီပါဝင်စေပြီး ယင်းတို့အနက်မှ ဥက္ကဋ္ဌတစ်ဦး၊ ဒုဥက္ကဋ္ဌတစ်ဦး၊ အတွင်းရေးမှူးတစ်ဦး၊ ဘဏ္ဍာရေးမှူးတစ်ဦး၊ စာရင်းစစ်တစ်ဦးနှင့် အဖွဲ့ဝင်တစ်ဦး စုစုပေါင်း ခုနစ်ဦး ဖြင့် ဖွဲ့စည်းရမည်။

(င) ပြည်နယ်/တိုင်းဒေသကြီးအသင်းအဖွဲ့ စည်းရာတွင် ပြည်နယ်/တိုင်းဒေသကြီးအတွင်းရှိ ခရိုင်အသင်းများ၏ အနည်းဆုံး ခရိုင်ထက်ဝက်ကျော်ကို ဖွဲ့စည်းနိုင်ရမည်။

(စ) ခရိုင်အသင်းများ၏ ခရိုင်အသင်းထက်ဝက်ကျော်ကို မဖွဲ့စည်းနိုင်သော ပြည်နယ်/တိုင်းဒေသကြီးတွင် ဗဟိုမှ တိုက်ရိုက်ကြီးကြပ်၍ ပြည်နယ်/တိုင်းဒေသကြီး စည်းရုံးရေးမှူးတစ်ဦးကို ရွေးချယ်ခန့်အပ်တာဝန်ပေးရမည်။

၃၁။ အပိုဒ် ၃၀ အရဖွဲ့စည်းသော တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်အသင်းတစ်ခုမှ ဥက္ကဋ္ဌသည် ဗဟိုအမှုဆောင်အဖွဲ့မှပေးအပ်သော တာဝန်ကို ဖြစ်စေ၊ စီမံချက်နှင့် အခြား တာဝန်များကိုဖြစ်စေ ထမ်းဆောင် ရလျှင် ယင်းသို့ တာဝန်ထမ်းဆောင်ဆဲကာလ၌ ဒုတိယဥက္ကဋ္ဌသည် ဥက္ကဋ္ဌ၏တာဝန်များကို ယာယီထမ်းဆောင် ရမည်။

၃၂။ အသင်းများမှ အမှုဆောင်အဖွဲ့ဝင်များသည် နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ယင်းတို့၏အမှုဆောင်သက်တမ်း သည် သက်ဆိုင်ရာအသင်းတည်ရှိရာဒေသတွင် နိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ရသည့် ကာလကုန်ဆုံးသည်အထိသာ ဖြစ်သည်။

**အသင်းဗဟိုဦးစီးအဖွဲ့ ဖွဲ့စည်းခြင်း**

၃၃။ ဗဟိုဦးစီးအဖွဲ့သည် တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်ကိုယ်စားပြုအဖွဲ့ဖြစ်ပြီး အထွေထွေညီလာခံကြီး၏ ဆုံးဖြတ်ချက်များကို ပွဲကိုင်ထိန်းသိမ်း လမ်းညွှန်မှုပေးရသော အဖွဲ့ဖြစ်သည်။

၃၄။ ဗဟိုဦးစီးအဖွဲ့ကို ခရိုင်အသင်းများမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး များဖြင့် ဗဟိုဦးစီးအဖွဲ့ကို ဖွဲ့စည်းရမည်။

**ဗဟိုအမှုဆောင်အဖွဲ့ ဖွဲ့စည်းခြင်း**

၃၅။ ဗဟိုအမှုဆောင်အဖွဲ့ကို ဥက္ကဋ္ဌတစ်ဦး၊ ဒု ဥက္ကဋ္ဌတစ်ဦး၊ အတွင်းရေးမှူးတစ်ဦး၊ တွဲဖက်အတွင်းရေးမှူး တစ်ဦး၊ ဘဏ္ဍာရေးမှူးတစ်ဦး၊ စာရင်းစစ်တစ်ဦး ၊ အဖွဲ့ဝင် ၁၂ ဦး၊ စုစုပေါင်း ၁၉ ဦးဖြင့် ဖွဲ့စည်းရမည်။

၃၆။ (က) ဗဟိုအမှုဆောင်အဖွဲ့ဝင်များထဲမှ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌကို ယင်းဗဟိုအမှုဆောင် အဖွဲ့ဝင် များက ရွေးချယ်တင်မြှောက်ရမည်။

(ခ) ဥက္ကဋ္ဌအဖြစ်သက်တမ်း သုံးကြိမ်ဆက်တိုက် တာဝန်ယူပြီးသူကို ဗဟို အလုပ်အမှုဆောင်ဥက္ကဋ္ဌ အဖြစ်ရွေးချယ်ခြင်းမပြုရ။ ဥက္ကဋ္ဌတာဝန်ထမ်းဆောင်မည့်သူသည် အသင်း ဗဟိုရုံး တည်နေရာ တွင် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(ဂ) ဗဟိုအမှုဆောင်အဖွဲ့ဝင်များနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များသည် ချီးမြှင့်ငွေနှင့် စရိတ်ရ ယူခြင်း မရှိသည့် စေတနာ့ဝန်ထမ်း ( Non Paid Volunteer )များ ဖြစ်ရမည်။

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ဖွဲ့စည်းခြင်း**

၃၇။ အပိုဒ် ၃၆ အရရွေးချယ်တင်မြှောက်ခြင်းခံရသော ဗဟိုအမှုဆောင်အဖွဲ့ ဥက္ကဋ္ဌသည် ဗဟိုအလုပ်အမှု ဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌတစ်ဦး၏အမည်ကိုလည်းကောင်း၊ အတွင်းရေးမှူးတစ်ဦး၏အမည်ကိုလည်းကောင်း၊ တွဲဖက်အတွင်းရေးမှူးတစ်ဦး၏အမည်ကိုလည်းကောင်း၊ ဘဏ္ဍာရေးမှူး တစ်ဦး၏အမည်ကိုလည်းကောင်း၊ စာရင်းစစ် နှစ်ဦး၏အမည်ကိုလည်းကောင်း စာရင်းပြုစုပြီး ယင်း ၆ ဦး၏အမည်စာရင်းကို ဗဟိုအမှုဆောင်အဖွဲ့သို့တင်ပြ အတည်ပြု ချက်ရယူရမည်။

၃၈။ အပိုဒ် ၄၁ အရရွေးချယ်ခန့်အပ်သော ဗဟိုအမှုဆောင်အဖွဲ့ဝင် ၁၉ ဦး၏သက်တမ်းသည် နှစ်နှစ်ဖြစ်သည်။ ဗဟိုအမှုဆောင်အဖွဲ့ဝင်တစ်ဦးသည်တာဝန်နေရာ လွှဲပြောင်းထမ်းဆောင်ခြင်းမှတစ်ပါး တာဝန်တစ်နေရာတည်းတွင် သုံးကြိမ်အထိသာ ထမ်းဆောင်ခွင့်ရှိသည်။

**လစ်လပ်နေရာအစားထိုးခြင်း**

၃၉။ နှစ်ပတ်လည်အစည်းအဝေး(ဗဟိုဦးစီးအဖွဲ့/ညီလာခံ)မတိုင်မီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့တွင်နေရာ လစ်လပ်လျှင် ဥက္ကဋ္ဌက ဗဟိုအမှုဆောင်အဖွဲ့ဝင်ထဲမှ သင့်လျော်သောပုဂ္ဂိုလ်ကိုရွေးချယ်၍ ဗဟိုအမှုဆောင်အဖွဲ့ သို့တင်ပြအတည်ပြုချက် ရယူပြီးအစားထိုးတာဝန်ပေးအပ်ရမည်။

၄၀။ နှစ်ပတ်လည်အစည်းအဝေး(ဗဟိုဦးစီးအဖွဲ့/ညီလာခံ)မတိုင်မီဗဟိုအမှုဆောင်အဖွဲ့တွင်နေရာလစ်လပ်လျှင် ဗဟိုအမှုဆောင်အဖွဲ့က ဗဟိုဦးစီးအဖွဲ့ဝင်များထဲမှ သင့်လျော်သောပုဂ္ဂိုလ်ကို ရွေးချယ်၍ဗဟိုဦးစီးအဖွဲ့သို့ တင်ပြ အတည်ပြုချက်ရယူပြီး အစားထိုးရမည်။

၄၁။ ဗဟိုအမှုဆောင်အဖွဲ့၏ အစည်းအဝေးသို့ သုံးကြိမ်ဆက်တိုက် ခွင့်မဲ့ပျက်ကွက်လျှင် ဗဟိုအမှုဆောင်အဖွဲ့ ၏ အဖွဲ့ဝင်အဖြစ်မှ အလိုအလျောက်ရပ်စဲပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၄၂။ အသင်းအမှုဆောင်အဖွဲ့သည် ညီလာခံတွင် အသင်းအမှုဆောင်အဖွဲ့ ပြန်လည်မဖွဲ့စည်းမီ တရားဝင် နုတ်ထွက် ပေးရမည်။

**ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးကော်မရှင်**

၄၃။ (က) ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးကော်မရှင်ငါးဦးအား ဗဟိုဦးစီးအဖွဲ့ဝင်များကမဲစနစ်ဖြင့်ရွေး ချယ်တင်မြှောက်ရမည်။

(ခ) မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းကပြုလုပ်သော ရွေးချယ်တင်မြှောက်ခြင်းအားလုံးကို ရွေးချယ်တင်မြှောက်ပွဲကော်မရှင်က တာဝန်ယူဆောင်ရွက်ရမည်။

(ဂ) တင်မြှောက်ပွဲကော်မရှင်နှင့် မြန်မာနိုင်ငံကျန်းမာရေးမှူးကောင်စီ တစ်ဖွဲ့ဖွဲ့တွင်ပါဝင်သူများသည် ဗဟို အမှုဆောင်အဖွဲ့ ဖွဲ့စည်းရာတွင် ပါဝင်ခွင့်မရှိစေရ။

(ဃ) ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးကော်မရှင်တွင် ပါဝင်သောပုဂ္ဂိုလ်များသည် နောက်တစ်ကြိမ်သက်တမ်းအတွက် တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်အသင်း ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရပါက ဗဟိုအမှုဆောင်အဖွဲ့သို့ အချိန်မီတင်ပြ၍ အသင်းဝင်များထဲမှ သင့်လျော်သူများကို အစားထိုး ရွေးချယ် ရမည်။

(င) ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးကော်မရှင်၊ မြန်မာနိုင်ငံကျန်းမာရေးမှူးကောင်စီနှင့် ဗဟိုအမှုဆောင် အဖွဲ့များတွင် ပါဝင်သူများသည် အသင်းကဆောင်ရွက်သော ကျန်းမာရေးစောင့်ရှောက်မှုစီမံချက်များ တွင် ပါဝင်ခွင့်မရှိစေရ။

## အခန်း (၆)

## အစည်းအဝေးကျင်းပခြင်းနှင့် အထမြောက်ခြင်း

၄၄။ **မြို့နယ်အသင်းအမှုဆောင်အဖွဲ့အစည်းအဝေး**

(က) မြို့နယ်အသင်းအမှုဆောင်အဖွဲ့အစည်းအဝေးကို နှစ်လတစ်ကြိမ် ကျင်းပရမည်။ လိုအပ်ပါက အထူး အစည်းအဝေး ခေါ်ယူကျင်းပနိုင်သည်။

(ခ) အစည်းအဝေးတက်ရောက်ခွင့်ရှိသူ၏ ထက်ဝက်ကျော်တက်ရောက်လျှင် အစည်းအဝေး အထမြောက် သည်။

၄၅။ **ခရိုင်အသင်းအမှုဆောင်အဖွဲ့အစည်းအဝေး**

(က) ခရိုင်အသင်းအမှုဆောင်အဖွဲ့ ပုံမှန်အစည်းအဝေးကို လေးလတစ်ကြိမ် ကျင်းပရမည်။ လိုအပ်ပါက အထူးအစည်းအဝေး ခေါ်ယူကျင်းပနိုင်သည်။

(ခ) အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ၏ ထက်ဝက်ကျော်တက်ရောက်လျှင် အစည်း အဝေး အထမြောက်သည်။

၄၆။ **တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်အသင်းအမှုဆောင်အဖွဲ့အစည်းအဝေး**

(က) တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်အသင်း အမှုဆောင်အဖွဲ့ ပုံမှန်အစည်းအဝေးကို (၄)လတစ်ကြိမ် ကျင်းပရမည်။ လိုအပ်ပါက အထူးအစည်းအဝေး ခေါ်ယူကျင်းပနိုင်သည်၊

(ခ) အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ၏ထက်ဝက်ကျော်တက်ရောက်လျှင် အစည်းအဝေးအထမြောက်သည်။

၄၇။ **ဗဟိုအသင်းအမှုဆောင်အဖွဲ့အစည်းအဝေး**

(က) ဗဟိုအသင်းအမှုဆောင်အဖွဲ့ ပုံမှန်အစည်းအဝေးကို လေးလတစ်ကြိမ် ကျင်းပရမည်။ လိုအပ်ပါက အထူးအစည်းအဝေး ခေါ်ယူကျင်းပနိုင်သည်၊

(ခ) အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ၏ ထက်ဝက်ကျော်တက်ရောက်လျှင် အစည်းအဝေး အထမြောက်သည်။

(ဂ) ယခင်ညီလာခံသက်တမ်း ဥက္ကဋ္ဌ (Immediate Past President)သည် ဗဟိုအသင်းအမှုဆောင်အဖွဲ့ အစည်းအဝေးများသို့ တက်ရောက် ဆွေးနွေးခွင့်ရှိသည်။

၄၈။ **ဗဟိုအသင်းအလုပ်အမှုဆောင်အဖွဲ့အစည်းအဝေး**

(က) ဗဟိုအသင်းအလုပ်အမှုဆောင်အဖွဲ့ပုံမှန်အစည်းအဝေးကို နှစ်လလျှင်တစ်ကြိမ်ကျင်းပခြင်းနှင့်လို အပ်ပါက ကြားဖြတ်အစည်းအဝေး ခေါ်ယူကျင်းပခြင်းပြုနိုင်သည်၊

(ခ) အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ၏ ထက်ဝက်ကျော်တက်ရောက်လျှင် အစည်းအဝေး အထမြောက်သည်။

၄၉။ **ဗဟိုဦးစီးအဖွဲ့အစည်းအဝေး**

(က) ဗဟိုဦးစီးအဖွဲ့ပုံမှန်အစည်းအဝေးကို တစ်နှစ်လျှင်တစ်ကြိမ် ကျင်းပရမည်။

(ခ) ပုံမှန်ညီလာခံကျင်းပသည့်နှစ်တွင် ဗဟိုဦးစီးအဖွဲ့အစည်းအဝေးကို ကျင်းပခြင်းမပြုရ။

(ဂ) ဗဟိုဦးစီးအဖွဲ့အစည်းအဝေးကို တက်ရောက်ခွင့်ရှိသူ ထက်ဝက်ကျော်တက်ရောက် လျှင်အစည်း အဝေး အထမြောက်သည်။

၅၀။ **ညီလာခံကျင်းပခြင်း**

(က) ညီလာခံကိုယ်စားလှယ်များပါဝင်သော ပုံမှန်ညီလာခံကို နှစ်နှစ်လျှင်တစ်ကြိမ် ကျင်းပရမည်။

(ခ) ပုံမှန်ညီလာခံတွင် ဗဟိုအမှုဆောင်အဖွဲ့အသစ်ကို ရွေးချယ်တင်မြှောက်ရမည်။

(ဂ) အထူးညီလာခံ၊ သို့မဟုတ် အရေးပေါ်ညီလာခံခေါ်ယူရန် လိုအပ်ပါက ဗဟိုအမှုဆောင်အဖွဲ့၏ ဆုံး ဖြတ်ချက်ဖြင့် ခေါ်ယူကျင်းပရမည်။

(ဃ) အထူးညီလာခံသို့ တက်ရောက်ခွင့်ရှိသူ ထက်ဝက်ကျော်တက်ရောက်လျှင် ညီလာခံ အထမြောက် သည်။

**ရွှေ့ဆိုင်းအစည်းအဝေးများ ပြန်လည်ကျင်းပခြင်း**

၅၁။ ဗဟိုအမှုဆောင်အဖွဲ့ လေးလပတ်အစည်းအဝေးနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးတို့တွင် အစည်းအဝေးစတင်ကျင်းပရန် သတ်မှတ်သည့်အချိန်မှ တစ်နာရီအတွင်းအစည်းအဝေးအထမြောက်ရန် လိုအပ် သော လူဦးရေပြည့်အောင် မတက်ရောက်လျှင် ထိုအစည်းအဝေးကို တက်ရောက်သမျှအဖွဲ့ဝင်ဦးရေနှင့်ပင် အစည်း အဝေး ကျင်းပ၍ထမြောက်အောင်မြင်သည်ဟု မှတ်ယူရမည်။

**အခန်း(၇)**

**ညီလာခံကိုယ်စားလှယ်များရွေးချယ်ခြင်းနှင့် ညီလာခံ၏ တာဝန်များ**

**ညီလာခံကိုယ်စားလှယ်များရွေးချယ်ခြင်း**

၅၂။ (က) ညီလာခံကိုယ်စားလှယ်များကို တစ်မြို့နယ်လျှင်တစ်ဦးကျစီ ရွေးချယ်ရမည်၊

(ခ) ညီလာခံကိုယ်စားလှယ်သည် မြို့နယ်အသင်းဥက္ကဋ္ဌဖြစ်ရမည်၊

(ဂ) မြို့နယ်အသင်းဥက္ကဋ္ဌ မတက်နိုင်ပါက အမှုဆောင်ဆုံးဖြတ်ချက်ဖြင့် အတွင်းရေးမှူး သို့မဟုတ် အမှုဆောင်တစ်ဦးကို ရွေးချယ်ပေးရမည်၊

(ဃ) မြို့နယ်စည်းရုံးရေးမှူးများသည် ညီလာခံကိုယ်စားလှယ်အဖြစ် တက်ရောက်ခွင့်ရှိသည်။ ရွေးချယ်ခံ ပိုင်ခွင့်နှင့် မဲပေးပိုင်ခွင့်မရှိစေရ၊

(င) ညီလာခံကိုယ်စားလှယ်များ၏သက်တမ်းသည် အသင်းအမှုဆောင်အဖွဲ့များ၏ သက်တမ်းအတိုင်း နှစ်နှစ် ဖြစ်သည်။

ညီလာခံ၏တာဝန်များ

၅၃။ ညီလာခံသည်-

(က) ဗဟိုအမှုဆောင်အဖွဲ့မှတင်သွင်းသည့် လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို ဆွေးနွေးဝေဖန် ခြင်း၊ အကြံ ပြုခြင်းနှင့် အတည်ပြုရမည်။

(ခ) ဗဟိုအမှုဆောင်အဖွဲ့မှ တင်သွင်းသော ဘဏ္ဍာရေးအစီရင်ခံစာနှင့် အသင်း၏ ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးဝေဖန်အကြံပြုခြင်းနှင့် အတည်ပြုရမည်။

(ဂ) အသင်းဖွဲ့စည်းပုံစည်းမျဉ်းကို ပြင်ဆင်ရန်ရှိပါက တက်ရောက်လာသောညီလာခံကိုယ်စားလှယ် များ၏ ၇၅% မှ ထောက်ခံလျှင်ပြင်ဆင်နိုင်သည်။

(ဃ) အသင်း၏ဗဟိုအမှုဆောင်အဖွဲ့ကို နှစ်နှစ်လျှင်တစ်ကြိမ် ရွေးချယ်ရမည်။

(င) ရှေ့လုပ်ငန်းစဉ်များ ချမှတ်ရမည်။

**ဗဟိုဦးစီးအဖွဲ့ကိုယ်စားလှယ်များရွေးချယ်ခြင်း**

၅၄။ ဗဟိုဦးစီးအဖွဲ့သည်-

(က) ဗဟိုဦးစီးအဖွဲ့ကိုယ်စားလှယ်များရွေးချယ်ရမည်။

(ခ) ခရိုင်အသင်းဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို ဗဟိုဦးစီးအဖွဲ့၏အစည်းအဝေးကိုယ်စားလှယ်များ အဖြစ်သည်။

(ဂ) ဗဟိုဦးစီးအဖွဲ့အစည်းအဝေး ကိုယ်စားလှယ်သက်တမ်းသည် အသင်းအမှုဆောင်အဖွဲ့ သက်တမ်း အတိုင်း နှစ်နှစ်ဖြစ်သည်။

၅၅။ ဗဟိုဦးစီးအဖွဲ့အစည်းအဝေးတွင် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည်-

(က) ဗဟိုအမှုဆောင်အဖွဲ့ရွေးချယ်ခြင်းလုပ်ငန်းနှင့် ဖွဲ့စည်းပုံစည်းမျဉ်း ပြင်ဆင်ခြင်းလုပ်ငန်းများမှ တစ်ပါး သာမန်ညီလာခံတာဝန်များကို ဆောင်ရွက်ခြင်း၊

(ခ) အသင်းဖွဲ့စည်းပုံစည်းမျဉ်းပြင်ဆင်ရန်တင်ပြလာပါကဗဟိုဦးစီးအဖွဲ့အစည်းအဝေးသို့တက်ရောက် သူများအနက် ၇၅% ကထောက်ခံလျှင် ပြင်ဆင်ရန်အနီးကပ်ဆုံးညီလာခံသို့တင်သွင်း၍ ဆုံးဖြတ် ခြင်း၊

## အခန်း(၈)
## နာယကအဖွဲ့ နှင့် ဗဟိုအမှုဆောင်အဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

**နာယကအဖွဲ့သည်-**

၅၆။ (က) ဗဟိုအမှုဆောင်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည်၊

(ခ) အသင်းဖွဲ့စည်းပုံစည်းမျဉ်း၊ လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အကြံပြုခြင်း၊ လမ်းညွှန်ခြင်းပြုနိုင်သည်။

**ဗဟိုအမှုဆောင်အဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၅၇။ ဗဟိုအမှုဆောင်အဖွဲ့သည်-

(က) အသင်းညီလာခံကို တာဝန်ခံရမည်။

(ခ) ညီလာခံနှင့် ဗဟိုဦးစီးအဖွဲ့အစည်းအဝေးတစ်ခုနှင့်တစ်ခုကြားတွင်ညီလာခံနှင့် ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးမှ ချမှတ်ထားသောဆုံးဖြတ်ချက်များနှင့်လျော်ညီအောင် အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

(ဂ) ဗဟိုဦးစီးအဖွဲ့အစည်းအဝေးကို တစ်နှစ်လျှင်တစ်ကြိမ် ခေါ်ယူကျင်းပရမည်။

(ဃ) နှစ်နှစ်လျှင်တစ်ကြိမ် ပုံမှန်ညီလာခံခေါ်ယူကျင်းပခြင်းနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ကိုရွေးချယ် တာဝန် ပေးခွင့်ရှိသည်။

(င) ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ တစ်နှစ်တာဆောင်ရွက်ချက်များကို အနီးဆုံးညီလာခံနှင့် ဗဟို ဦးစီးအဖွဲ့ အစည်းအဝေးတွင် တင်ပြအစီရင်ခံရမည်။

(စ) အသင်း၏ရည်ရွယ်ချက်များ ထမြောက်အောင်မြင်ရေးအတွက် လိုအပ်သောလုပ်ငန်းစဉ်များ ရေးဆွဲ ဆောင်ရွက်ခွင့်ရှိသည်။

(ဆ) ဗဟိုအမှုဆောင်အဖွဲ့နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် တစ်ဦးချင်းစီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့် များကို သတ်မှတ်ပြဋ္ဌာန်းရမည်။

(ဇ) ဗဟိုအမှုဆောင်အဖွဲ့သည် အသင်း၏လုပ်ငန်းဆောင်တာများကို တာဝန်ခွဲဝေယူနိုင်ရန် လိုအပ် သော အထောက်အကူပြုအဖွဲ့များကို တာဝန်ပေးအပ်ရမည်။

(ဈ) ဗဟိုအမှုဆောင်အဖွဲ့အစည်းအဝေးကို လေးလလျှင်တစ်ကြိမ် ပုံမှန်ခေါ်ယူကျင်းပရမည်။

(ည) အသင်း၏လုပ်ငန်းရပ်များကို စိတ်ဝင်စားသော ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များနှင့် ဆက်သွယ်ခြင်း၊ ညှိနှိုင်းတိုင်ပင်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ ရံပုံငွေ၊ ကျွမ်းကျင်မှုနည်းပညာနှင့် ပစ္စည်းပံ့ပိုးမှုများကို ပေးအပ်ခြင်း၊ ရယူလက်ခံခြင်းတို့ကို ပြုခွင့်ရှိသည်။

(ဋ) အဖွဲ့ဝင်များလိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ၊ တာဝန်ဝတ္တရားများနှင့် ရပိုင်ခွင့် များကို သတ်မှတ်ရမည်။

(ဌ) အလုပ်အမှုဆောင်အဖွဲ့ကတင်ပြသော အစီရင်ခံစာများကို စိစစ်အတည်ပြုရမည်။

(ဍ) အလုပ်အမှုဆောင်အဖွဲ့ကတင်ပြသော ရုံးလုပ်ငန်းအဖွဲ့ဖွဲ့စည်းပုံ၊ လစာနှင့်စရိတ်များ သတ်မှတ် ခြင်းတို့ကို အတည်ပြုရမည်။

(ဎ) အသင်း၏ကိုယ်စားပဋိညာဉ်များ၊ သဘောတူစာချုပ်များချုပ်ဆိုခြင်းနှင့်စပ်လျဉ်း၍ စည်းကမ်း သတ်မှတ်ရမည်။

(ဏ) ပြည်တွင်းပြည်ပရှိ အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့်မူနှင့် သတ်မှတ်ချက်များချမှတ်ရမည်။

(တ) အသင်း၏ရံပုံငွေနှင့် ပစ္စည်းများကို အကျိုးရှိစွာအသုံးချနိုင်မည့်မူနှင့် သတ်မှတ်ချက်များချမှတ် ရမည်။

(ထ) အလုပ်အမှုဆောင်အဖွဲ့ကလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်မည့်လုပ်ငန်းဆိုင်ရာမူဝါဒများ၊ လုပ်ထုံးလုပ်နည်းများချမှတ်အတည်ပြုပေးခြင်းနှင့် အဖွဲ့ကိုယ်စား ဆောင်ရွက်ရန် အခွင့်အာဏာလွှဲအပ်ပေးခြင်းတို့ကို ဆောင်ရွက်ရမည်။

(ဒ) အလုပ်အမှုဆောင်အဖွဲ့ဝင်များ အစားထိုးရွေးချယ်နိုင်သည်။

(ဓ) ကျန်းမာရေးစောင့်ရှောက်မှုကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည်။

(န) ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ထူးချွန်စွာတာဝန်ထမ်းဆောင် သောကျန်းမာရေးမှူးများနှင့် ကျန်းမာရေးမှူးအတတ်ပညာ ထူးချွန်သူများကို ဂုဏ်ပြုမှတ်တမ်းတင်၍ လိုအပ်သလို ဆုချီးမြှင့်နိုင်သည်။

(ပ) အသင်းသားများ၏ ကျင့်ဝတ်သိက္ခာနှင့် စာရိတ္တကောင်းမွန်ရေးအတွက် ညှိနှိုင်းလမ်းညွှန်စေ့ဆော်ပေး နိုင်သည်။

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၅၈။ ဗဟိုအလုပ်အမှုဆောင်အဖွဲ့သည်-

(က) အမှုဆောင်အဖွဲ့ကို တာဝန်ခံ၍ ချမှတ်ပေးသည့် လုပ်ငန်းတာဝန် များကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

(ခ) စီမံချက်လုပ်ငန်းများ ညှိနှိုင်းကြီးကြပ်ကွပ်ကဲရေးအဖွဲ့၊ လုပ်ငန်းအဖွဲ့များနှင့် အထောက်အကူပြုအဖွဲ့များ ကို ကြီးကြပ်လမ်းညွှန်ခြင်း၊ ပံ့ပိုးကူညီခြင်း ပြုရမည်။

(ဂ) အသင်း၏ရံပုံငွေကို ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ ကြပ်မတ်သုံးစွဲရမည်။

(ဃ) အသင်းဝင်အဖြစ်မှ ထုတ်ပယ်ခြင်းဆိုင်ရာကိစ္စပေါ်ပေါက်ခဲ့လျှင် တရားသဖြင့်ဖြစ်စေရန် စုံစမ်းစစ်ဆေး၍ ဗဟိုအမှုဆောင်အဖွဲ့သို့တင်ပြရမည်။

(င) မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းဆိုင်ရာကိစ္စရပ်အားလုံးအတွက် အစီရင်ခံစာတင်ပြခြင်း၊ အခြားအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း၊ ပူးပေါင်း ဆောင်ရွက်ခြင်းပြုရမည်။

(စ) လုပ်ငန်းတိုးတက်ပြီးစီးမှုအခြေအနေကို လေးလပတ်အစည်းအဝေးနှင့် နှင့် ဗဟိုဦးစီးအဖွဲ့အစည်းအဝေးသို့ တင်ပြအစီရင်ခံရမည်။

(ဆ) မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်းနှင့် အသင်းများ၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုကို ကွပ်ကဲရမည်။

(ဇ) အသင်း၏ငွေစာရင်းများကိုစစ်ဆေးရာ၌ အစိုးရမှတ်ပုံတင်စာရင်းစစ်ကိုငှားရမ်း၍ တစ်နှစ်လျှင် တစ်ကြိမ် စစ်ဆေးရမည်။

(ဈ) သတ်မှတ်ခွင့်ပြုထားသော ရုံးဝန်ထမ်းများကို ရွေးချယ်ခန့်ထားရမည်။

## အခန်း(၉)

## အဖွဲ့များဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့၏တာဝန်များ

### လုပ်ငန်းအဖွဲ့များဖွဲ့စည်းခြင်း

၅၉။ ဗဟိုအလုပ်အမှုဆောင်အဖွဲ့သည်-

(က) လိုအပ်ပါက အောက်ပါလုပ်ငန်းအဖွဲ့များကို ဗဟိုအမှုဆောင်အဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းရန်လမ်းညွှန်နိုင်သည်။

(၁) ဘဏ္ဍာရေးရာကြီးကြပ်မှုအဖွဲ့နှင့် ရံပုံငွေရှာဖွေရေးလုပ်ငန်းအဖွဲ့၊

(၂) ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုစီမံချက်လုပ်ငန်းများ ညှိနှိုင်းကြီးကြပ် ကွပ်ကဲရေး လုပ်ငန်း အဖွဲ့၊

(၃) လေ့ကျင့်သင်တန်းပေးရေးအဖွဲ့၊

(၄) ပြန်ကြားရေးနှင့်ဆက်သွယ်ရေးလုပ်ငန်းအဖွဲ့။

(ခ) အပိုဒ်ခွဲ (က) အရဖွဲ့စည်းရာတွင် လိုက်နာကျင့်သုံးရမည့် အခြေခံမူဝါဒနှင့် လုပ်ထုံးလုပ်နည်းများ ကိုသတ်မှတ်ပေးရမည်။

(ဂ) လုပ်ငန်းအဖွဲ့များတွင် ဗဟိုအမှုဆောင်အဖွဲ့ဝင်များကိုဥက္ကဋ္ဌအဖြစ်တာဝန်ပေးအပ်ရမည်။

### လုပ်ငန်းအဖွဲ့၏တာဝန်

၆၀။ လုပ်ငန်းအဖွဲ့များသည်-

(က) မိမိတို့နှင့်သက်ဆိုင်သည့် လုပ်ငန်းစီမံချက်များကို ဗဟိုအမှု ဆောင်အဖွဲ့သို့ ရေးဆွဲတင်ပြပြီး အကောင်အထည်ဖော်နိုင်သည်။

(ခ) လုပ်ငန်းအလိုက် လစဉ်အစီရင်ခံစာများနှင့် ငွေစာရင်းရှင်းတမ်းများကို ဗဟိုအလုပ် အမှုဆောင် အဖွဲ့သို့ လစဉ်တင်ပြရမည်။

### အကြံပေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့၏တာဝန်

၆၁။ ဗဟိုအမှုဆောင်အဖွဲ့သည် ပြင်ပပညာရှင် အနည်းဆုံး ငါးဦးပါဝင်သောအကြံပေးအဖွဲ့ကို ဖွဲ့စည်းရမည်။

၆၂။ အကြံပေးအဖွဲ့သည်-

(က) မြန်မာနိုင်ငံကျန်းမာရေးမှုုအသင်းတိုးတက်ဖွံ့ဖြိုးရေးအတွက် လိုအပ်သောအကြံပြုချက်များကို ဗဟိုအမှုဆောင်အဖွဲ့ သို့ အကြံပြုရမည်။

(ခ) ဗဟိုအမှုဆောင်အစည်းအဝေးနှင့် ဗဟိုအလုပ်အမှုဆောင်အစည်းအဝေးသို့ တက်ရောက်နိုင် သည်။

(ဂ) လုပ်ငန်းအဖွဲ့အလိုက် အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများကို ကြီးကြပ် ရမည်။

### တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အမှုဆောင်အဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၆၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အမှုဆောင်အဖွဲ့သည်-

(က) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ ခရိုင်အသင်းနှင့် မြို့နယ်အသင်း များကို တာဝန်ခံရမည်။

(ခ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ ခရိုင်အသင်းနှင့် မြို့နယ်အသင်းများမှ တင်ပြသော အခက်အခဲနှင့် ပြဿနာများကို ဖြေရှင်းပေးရမည်။

(ဂ) ဗဟိုအမှုဆောင်အဖွဲ့တွင် တင်ပြဆွေးနွေး၍ အဆုံးအဖြတ်ခံယူခြင်းနှင့် ပြန်လည်ရှင်းလင်းခြင်းတို့ ဆောင်ရွက်ရမည်။

(ဃ) အမှုဆောင်အဖွဲ့အစည်းအဝေးကို လေးလလျှင်တစ်ကြိမ်ကျင်းပခြင်းနှင့် နှစ်နှစ်တစ်ကြိမ် အမှုဆောင်အသစ် ရွေးချယ်တင်မြှောက်ခြင်းတို့ ဆောင်ရွက်ရမည်။

**ခရိုင်အသင်းအမှုဆောင်အဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၆၄။ ခရိုင်အသင်းအမှုဆောင်အဖွဲ့သည်-

(က) မြို့နယ်အသင်းများကို ကြီးကြပ်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်းတို့ ဆောင်ရွက်ရမည်။

(ခ) လေးလလျှင်တစ်ကြိမ် အမှုဆောင်အဖွဲ့၏ ပုံမှန်အစည်းအဝေးကျင်းပခြင်းနှင့် နှစ်နှစ်လျှင်တစ်ကြိမ် အမှုဆောင်အသစ် ရွေးချယ်တင်မြှောက်ခြင်းတို့ ဆောင်ရွက်ရမည်၊

(ဂ) မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းက ပေးအပ်သောတာဝန်များကို ထမ်းဆောင်ရမည်။

**မြို့နယ်အသင်းအမှုဆောင်အဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၆၅။ မြို့နယ်အသင်းအမှုဆောင်အဖွဲ့သည်-

(က) အသင်းဝင်များ၏ ပြဿနာအခက်အခဲများကို ညှိနှိုင်းကူညီဖြေရှင်းပေးရမည်။

(ခ) အသင်းဝင်များ၏ သက်သာချောင်ချိရေးနှင့် သာရေးနာရေးကိစ္စများတွင် ကူညီဆောင်ရွက်ရမည်။

(ဂ) အသင်းအမှုဆောင်အဖွဲ့အစည်းအဝေးကို လစဉ်ပြုလုပ်ပြီး နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး ကို တစ်နှစ်တစ်ကြိမ်ကျင်းပရမည်။

(ဃ) မြို့နယ်အသင်းဥက္ကဋ္ဌသည် နှစ်နှစ်တစ်ကြိမ်ကျင်းပသည့်ဗဟိုအသင်းညီလာခံသို့ ညီလာခံကိုယ်စားလှယ်အဖြစ် တက်ရောက်ရမည်။

(င) နိုင်ငံရပ်ခြားအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များနှင့် ထိတွေ့ဆက်ဆံရန်လိုအပ်ပါက ဗဟိုအလုပ်အမှုဆောင် အဖွဲ့သို့ကြိုတင်ခွင့်ပြုချက်တောင်းခံရမည်။

(စ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ခရိုင် အမှုဆောင်အဖွဲ့များ၏ အနီးကပ်ကြီးကြပ်လမ်းညွှန်မှုကို ခံယူရမည့်အပြင် အချို့သောကိစ္စရပ်များအတွက် မြန်မာနိုင်ငံကျန်းမာရေးအသင်းသို့ တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်ရမည်။

(ဆ) ဒေသဆိုင်ရာ အုပ်ချုပ်ရေးအာဏာပိုင်များထံ သင့်တင့်လျောက်ပတ်သော အသင်းမြေနေရာကို လျှောက်ထားတောင်းခံနိုင်သည်။

(ဇ) မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းက ပေးအပ်သောတာဝန်များကို ထမ်းဆောင်ရမည်။

**မြို့နယ်စည်းရုံးရေးမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၆၆။ မြို့နယ်စည်းရုံးရေးမှူးသည်-

(က) အသင်းဝင်များ၏ ပြဿနာအခက်အခဲများကို ညှိနှိုင်းကူညီဖြေရှင်းပေးရမည်။

(ခ) အသင်းဝင်များ၏ သက်သာချောင်ချိရေးနှင့် သာရေးနာရေးကိစ္စများတွင် ကူညီဆောင်ရွက်ပေးရမည်။

(ဂ) ခရိုင်အသင်းဖွဲ့စည်းရေးအစည်းအဝေးနှင့် နှစ်နှစ်တစ်ကြိမ်ကျင်းပသည့် ဗဟိုအသင်း ညီလာခံသို့ တက်ရောက်ပြီးတင်ပြခြင်း၊ အကြံပြုခြင်း၊ ဆွေးနွေးခြင်းများပြု နိုင်သည်။ သို့သော် မဲပေးခြင်း၊ ရွေးချယ်ခံခြင်း မပြုရ။

(ဃ) မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းက ပေးအပ်သောတာဝန်များကို ထမ်းဆောင်ရမည်။

**ဗဟိုအမှုဆောင်အဖွဲ့ဝင်များ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၆၇။ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌသည်-

(က) ညီလာခံ၊ ဗဟိုဦးစီးအစည်းအဝေးနှင့် ဗဟိုအမှုဆောင်အစည်းအဝေးမှစ၍ ယင်းကိုယ်တိုင် တက်ရောက်သော အစည်းအဝေးအားလုံးတွင် သဘာပတိ အဖြစ် ဆောင်ရွက်ရမည်။

(ခ) အကြောင်းတစ်စုံတစ်ရာကြောင့် မိမိ၏တာဝန်နှင့်လုပ်ငန်းများကို မဆောင်ရွက်နိုင်သော ကာလ အတွင်း ဒုတိယဥက္ကဋ္ဌကို မိမိကိုယ်စားဆောင်ရွက်နိုင်ရန် တာဝန်လွှဲပြောင်းပေးနိုင်သည်။

(ဂ) အစည်းအဝေးများတွင် ကိုယ်ပိုင်မဲတစ်မဲအပြင် အဆုံးအဖြတ်မဲ ပေးနိုင်သည်။

(ဃ) မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်း၏ကိစ္စအဝဝအတွက် အလုံးစုံ တာဝန်ခံရမည်။ အသင်း၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၊ ရည်ရွယ်ချက်များနှင့် အသင်း၏လုပ်ငန်း အရပ်ရပ်ကို တာဝန်ယူပြီး ဆောင်ရွက်ရမည်။

(င) မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်း၏လုပ်ငန်းများအောင်မြင်ရေးအတွက် ဗဟိုအမှုဆောင်အဖွဲ့ နှင့် ညှိနှိုင်းပြီးဦးဆောင် ဆောင်ရွက်ရမည်။

(စ) မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်း၏ငွေစာရင်းတို့ကို တစ်လတစ်ကြိမ်စစ်ဆေးပြီး လစဉ်ငွေ စာရင်းတို့တွင် လက်မှတ်ရေးထိုး အတည်ပြုရမည်။

**ဒုတိယဥက္ကဋ္ဌ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၆၈။ ဒုဥက္ကဋ္ဌသည်-

(က) ဥက္ကဋ္ဌ၏လုပ်ငန်းများကို ကူညီဆောင်ရွက်ရမည်။

(ခ) ဥက္ကဋ္ဌကိုယ်စား တာဝန်ပေးအပ်လျှင် ဆောင်ရွက်ရမည်။

(ဂ) အသင်း၏လုပ်ငန်းအဖွဲ့များကို ကြီးကြပ်ကိုင်တွယ်ဆောင်ရွက်ရမည်။

(ဃ) အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၏ အထောက်အပံ့ဖြင့် အသင်းမှတာဝန်ယူ ဆောင်ရွက်လျက်ရှိသော ကျန်းမာရေးစောင့်ရှောက်မှု စီမံချက်လုပ်ငန်းများကို ဗဟိုအမှုဆောင် အဖွဲ့နှင့် ညှိနှိုင်းပြီးဦးစီးဆောင်ရွက်ရမည်။

**အတွင်းရေးမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၆၉။ အတွင်းရေးမှူးသည်-

(က) ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ ရုံးလုပ်ငန်းတာဝန်များကို ကြီးကြပ်ဆောင်ရွက် ရမည်။

(ခ) ဥက္ကဋ္ဌ၏ခွင့်ပြုချက်အရ အစည်းအဝေးများကိုဖိတ်ခေါ်ကျင်းပပြီး အစည်းအဝေးများတွင် အခမ်း အနားမှူးအဖြစ် ဆောင်ရွက်ခြင်း၊ မှတ်တမ်းများ ရေးသားဖြန့်ဝေထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက် ရမည်။

(ဂ) လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်းများကို ဗဟိုအမှုဆောင်အစည်းအဝေးများတွင် တင်ပြရမည်။

(ဃ) ဖဟိုအလုပ်အမှုဆောင်အဖွဲ့၏ သဘောတူညီချက်အရ သတင်းများ၊ မှတ်တမ်းများ၊ ကြေငြာချက်များကို ဖဟိုအလုပ်အမှုဆောင်ကိုယ်စား ထုတ်ပြန် ကြေညာနိုင်သည်။

(င) အကြောင်းတစ်စုံတစ်ရာကြောင့် မိမိတာဝန်နှင့် လုပ်ငန်းများကို မဆောင်ရွက်နိုင်သည့်ကာလ အတွင်းဖဟိုအလုပ်အမှုဆောင်ကော်မတီ၏ခွင့်ပြုချက်ဖြင့် တွဲဖက်အတွင်းရေးမှူးကိုမိမိကိုယ်စား ဆောင်ရွက်လုပ်ကိုင်ရန် တာဝန်လွှဲပြောင်းပေးရမည်။

(စ) အသင်းပိုင်ပစ္စည်းများနှင့်စာရင်းများကို တာဝန်ယူထိန်းသိမ်းရမည်။

(ဆ) အသင်းသားများ၏အင်အားကို စာရင်းပြုစုခြင်း၊ အောက်ခြေအသင်းများမှ တင်ပြချက်များနှင့် အစီရင်ခံစာများကို လက်ခံဆောင်ရွက်ရမည်။

**တွဲဖက်အတွင်းရေးမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၇၀။ တွဲဖက်အတွင်းရေးမှူးသည်-

(က) အတွင်းရေးမှူးက လွှဲအပ်ပါက အတွင်းရေးမှူး၏လုပ်ငန်းတာဝန်များကို ကိုယ်စားဆောင်ရွက်ရမည်။

(ခ) အတွင်းရေးမှူး၏လုပ်ငန်းများကို ကူညီဆောင်ရွက်ရမည်။

**ဘဏ္ဍာရေးမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၇၁။ ဘဏ္ဍာရေးမှူးသည်-

(က) အသင်း၏ဝင်ငွေအရပ်ရပ်တို့ကို စာရင်းပြုစုရေးသွင်းခြင်း၊ စုဆောင်းခြင်း၊ ထိန်းသိမ်းခြင်း တို့အတွက် တာဝန်ရှိသည်။

(ခ) အသင်း၏ဝင်ငွေအားလုံးကို ဖဟိုအလုပ်အမှုဆောင်အဖွဲ့၏ အတည်ပြုချက်အရ အသင်းအမည်ဖြင့်သက်ဆိုင်ရာဘဏ်တွင် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့နှင့်အတူ အပ်နှံရမည်။

(ဂ) ငွေသွင်း၊ ငွေထုတ်ဆောင်ရွက်ရာတွင် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့နှင့်အတူ ဆောင်ရွက်ရမည်။ သို့သော် ဘဏ္ဍာရေးမှူးသည် ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူး နှင့် တွဲဖက်ပြီး နှစ်ဦးလက်မှတ်ရေးထိုးပြီး ငွေသွင်း ငွေထုတ် ပြုလုပ်ရမည်။

(ဃ) ဘဏ္ဍာရေးမှူးသည် အသင်း၏ Financial Manangement System (FMS) အရ ရေးဆွဲထားသည့် Standard Operation Procedure (SOP) တွင်သတ်မှတ်ထားသည့် ငွေကိုသာ ထိန်းသိမ်းထားခွင့်ရှိသည်။

(င) အသင်း၏ လစဉ်ဘဏ္ဍာရေးရှင်းတမ်းကို ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူးထံ လစဉ်တင်ပြရမည်။

(စ) ဘဏ္ဍာရေးမှူးသည် အလုပ်အမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်အရသာလျှင် ငွေကြေးကိုထုတ်ပေးခွင့်ရှိသည်။

(ဆ) ဘဏ်နှင့်သက်ဆိုင်သော အထောက်အထားစာရွက်စာတမ်းများကို လုံခြုံစွာထိန်းသိမ်းထားရမည်။

(ဇ) အသင်း၏ ဘဏ္ဍာရေးကြီးကြပ်မှုအဖွဲ့တွင် အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ရမည်။

**စာရင်းစစ်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၇၂။ စာရင်းစစ်သည်-

(က) အသင်း၏ငွေစာရင်းများကို စနစ်တကျထားသိုခြင်း၊ ထိန်းသိမ်းခြင်းပြုရန် သတ်မှတ်ထား သော ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်ညီညွတ်စေရန် စနစ်တကျ စစ်ဆေးရမည်။

(ခ) အရအသုံးငွေစာရင်းများကို လေးလလျှင်တစ်ကြိမ်စစ်ဆေးပြီး ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေး များတွင် စစ်ဆေးချက် အစီရင်ခံစာ တင်သွင်းရမည်။

(ဂ) အသင်းကိုနစ်နာစေမည့် အကြောင်းတစ်စုံတစ်ရာ ပေါ်ပေါက်လျှင် ဗဟိုအမှုဆောင်အဖွဲ့သို့ ချက်ချင်းအစီရင်ခံရမည်။

(ဃ) စာရင်းစစ်သည် လိုအပ်လျှင် အသင်း၏စာရင်းကို အချိန်မရွေး စစ်ဆေးခွင့် ရှိသည်။

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၇၃။ ဗဟိုအလုပ်အမှုဆောင်အဖွဲ့သည်-

(က) ဗဟိုအမှုဆောင်အဖွဲ့က တာဝန်ပေးအပ်သည့် လုပ်ငန်းအားလုံးကို ဦးစီးဆောင်ရွက် ရမည်။

(ခ) လုပ်ငန်းအဖွဲ့များ၊ အထောက်အကူပြုအဖွဲ့များကို ကြီးကြပ်လမ်းညွှန်ခြင်း၊ ပံ့ပိုးကူညီခြင်းပြုရမည်။

(ဂ) မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း ကိစ္စရပ်အားလုံးအတွက် အစီရင်ခံစာ တင်ပြခြင်း၊ အခြား အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း၊ ပူးပေါင်း ဆောင်ရွက်ခြင်းများ ပြုရမည်။

(ဃ) အသင်းရံပုံငွေကို ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ ကြပ်မတ်သုံးစွဲ ရမည်။

(င) လုပ်ငန်းတိုးတက်ပြီးစီးမှုအခြေအနေကို လေးလပတ်နှင့် ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးသို့ တင်ပြ အစီရင်ခံရမည်။

(စ) မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းနှင့် အသင်းများ၏ လုပ်ငန်း အကောင်အထည် ဖော်ဆောင်ရွက်မှုကို ကွပ်ကဲရမည်။

**ပြည်နယ်၊တိုင်းဒေသကြီးအသင်း အမှုဆောင်အဖွဲ့ဝင်တို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၇၄။ ဥက္ကဋ္ဌသည်-

(က) တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ် အသင်းအစည်းအဝေးများတွင် သဘာပတိအဖြစ် ဆောင်ရွက်ရမည်။

(ခ) အစည်းအဝေးတွင် ကိုယ်တိုင်မဲတစ်မဲအပြင် အနိုင်အရှုံး အဆုံးအဖြတ်မဲ ပေးနိုင် သည်၊

(ဂ) မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း၏ ဗဟိုအမှုဆောင်အဖွဲ့ဝင်အဖြစ် တာဝန်ယူရမည်။

**အတွင်းရေးမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၇၅။ အတွင်းရေးမှူးသည်-

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အသင်းအမှုဆောင်အဖွဲ့၏ ရုံးလုပ်ငန်းတာဝန်များ ကိုကြီးကြပ် ဆောင်ရွက်ရမည်။

(ခ) ဥက္ကဋ္ဌ၏ခွင့်ပြုချက်အရ အစည်းအဝေးများကို ဖိတ်ခေါ်ကျင်းပ၍ အစည်းအဝေး များတွင် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ခြင်းနှင့် မှတ်တမ်းများ ရေးသားဖြန့်ဝေ ထိန်းသိမ်းခြင်းတို့ကို ပြုလုပ်ရမည်။

(ဂ) လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အသင်းအမှုဆောင်အဖွဲ့ အစည်းအဝေးများတွင်တင်ပြရမည်။

(ဃ) အမှုဆောင်အဖွဲ့၏ သဘောတူညီချက်အရ သတင်းများ၊ မှတ်တမ်းများနှင့် ကြေငြာချက်များကို အမှုဆောင်အဖွဲ့ကိုယ်စား ထုတ်ပြန်ကြေညာနိုင်သည်။

(င) ဥက္ကဋ္ဌနှင့်အတူ ငွေသွင်းငွေထုတ်ပြုလုပ်ရာတွင် တာဝန်ယူရမည်။

**ဘဏ္ဍာရေးမှူး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၇၆။ ဘဏ္ဍာရေးမှူးသည်-

(က) မြို့နယ်ကျန်းမာရေးမှူးအသင်း၏ ဝင်ငွေအရပ်ရပ်တို့ကို စာရင်းပြုစုရေးသွင်းခြင်း၊ စုဆောင်းခြင်း၊ ထိန်းသိမ်း ခြင်းတို့အတွက် တာဝန်ရှိသည်။

(ခ) မြို့နယ်ကျန်းမာရေးမှူးအသင်း၏ဝင်ငွေအားလုံးကို ပြည်နယ်/တိုင်းဒေသကြီးအမှုဆောင်အဖွဲ့၏ အတည်ပြုချက်အရ အသင်းအမည်ဖြင့် သက်ဆိုင်ရာဘဏ်တွင် ဥက္ကဋ္ဌ၊ အတွင်းရေးမှူး တို့နှင့်အတူ အပ်နှံခြင်းလုပ်ငန်းကို ဆောင်ရွက်ရမည်။

(ဂ) ငွေသွင်း၊ ငွေထုတ် ဆောင်ရွက်ရာတွင် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့နှင့်အတူ ဆောင်ရွက်ရမည်။ သို့သော် ဘဏ္ဍာရေးမှူးသည် ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူးနှင့် တွဲဖက်ပြီး လက်မှတရေးထိုးပြီး ငွေသွင်း ငွေထုတ် ပြုလုပ်ရမည်။

(ဃ) ကျပ် ၃၀၀၀၀၀ (ကျပ်သုံးသိန်းတိတိ)ထက်မပိုသောငွေကို ဘဏ်သို့မသွင်းနိုင်မီ ဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် ယာယီထိန်းသိမ်းထားခွင့်ရှိသည်။ တစ်ကြိမ်လျှင် ကျပ် ၃၀၀၀၀(ကျပ်သုံးသောင်းတိတိ)ထက်ပို၍ သုံးစွဲရန်ရှိပါက ဥက္ကဋ္ဌ၏သဘောတူညီချက်ကို ကြိုတင်ရယူရမည်။

(င) အသင်း၏ လစဉ်ဘဏ္ဍာရေးရှင်းတမ်းကို ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူးထံ လစဉ်တင်ပြရမည်၊

(စ) ဘဏ္ဍာရေးမှူးသည် အလုပ်အမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်အရ သာလျှင် ငွေကြေး ကို ထုတ်ပေးနိုင်ခွင့်ရှိသည်၊

(ဆ) ဘဏ်နှင့်သက်ဆိုင်သော စာရွက်စာတမ်း အထောက်အထားများကို လုံခြုံစွာထိန်း သိမ်းရမည်။

**စာရင်းစစ်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၇၇။ စာရင်းစစ်သည်-

(က) မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း၏ ငွေစာရင်းများကို စနစ်တကျထားသိုခြင်း၊ ထိန်းသိမ်းခြင်းများ ရှိစေရန် သတ်မှတ်ထားသော ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်ညီညွတ်စေရန် စည်းကမ်းတကျ စစ်ဆေးရမည်။

(ခ) အရအသုံးငွေစာရင်းများကို လေးလလျှင် တစ်ကြိမ်စစ်ဆေးပြီး အမှုဆောင်အဖွဲ့ အစည်းအဝေးများတွင် စစ်ဆေးချက်ကို တင်သွင်းရမည်။

(ဂ) မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းကို နစ်နာစေမည့် အကြောင်းတစ်စုံတစ်ရာ ပေါ်ပေါက်လျှင် ဗဟိုအမှုဆောင်အဖွဲ့သို့ ချက်ချင်းအစီရင်ခံရမည်၊

(ဃ) စာရင်းစစ်သည် လိုအပ်လျှင် မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း၏ စာရင်းများကို အချိန်မရွေးစစ်ဆေးနိုင်သည်။

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အသင်းအမှုဆောင်အဖွဲ့ဝင်များ၏ တာဝန်များ**

၇၈။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အသင်းအမှုဆောင်အဖွဲ့ကဖြစ်စေ၊ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကဖြစ်စေ အသင်းနှင့်သက်ဆိုင်သောတာဝန်များကို ပေးအပ်ပါက ဆောင်ရွက်ရမည်။

**ခရိုင်အသင်းအမှုဆောင်အဖွဲ့ဝင်တို့၏ တာဝန်ဝတ္တရားများ**

၇၉။ ဥက္ကဋ္ဌသည်-

(က) နစ်ပတ်လည်အစည်းအဝေးများနှင့် အသင်းအမှုဆောင်အဖွဲ့ဝင် အစည်း အဝေးများတွင် သဘာပတိအဖြစ် ဆောင်ရွက်ရမည်။

(ခ) အစည်းအဝေးတွင် ကိုယ်ပိုင်မဲတစ်မဲအပြင် အနိုင်အရှုံး အဆုံးအဖြတ်မဲ ပေးနိုင်သည်။

(ဂ) အသင်းဗဟိုဦးစီးအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ပြည်နယ်/တိုင်းဒေသကြီးအသင်း အမှုဆောင်လောင်းအဖြစ်လည်းကောင်း တက်ရောက်ခြင်း၊ ရွေးချယ်တင်မြှောက်ပွဲ တွင်ပါဝင်ရမည်။

**အတွင်းရေးမှူး၏ တာဝန်ဝတ္တရားများ**

၈၀။ အတွင်းရေးမှူးသည်-

(၁) ခရိုင်အသင်းအမှုဆောင်အဖွဲ့၏ လုပ်ငန်းတာဝန်များကို ကြီးကြပ်ဆောင်ရွက်ရမည်။

(၂) ဥက္ကဋ္ဌ၏ခွင့်ပြုချက်အရ အစည်းအဝေးများကို ဖိတ်ခေါ်ကျင်းပ၍ အစည်းအဝေး များတွင် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ခြင်းနှင့် မှတ်တမ်းများ ရေးသားဖြန့်ဝေထိန်းသိမ်းခြင်းကိုပြုရမည်။

(၃) လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်းများကို အသင်းအမှုဆောင်အဖွဲ့အစည်း အဝေးများတွင် တင်ပြရမည်။

(၄) ခရိုင်အသင်းအမှုဆောင်အဖွဲ့၏ သဘောတူညီချက်အရ သတင်းများ၊ မှတ်တမ်းများနှင့် ကြေညာချက်များကို အသင်းအမှုဆောင်အဖွဲ့ကိုယ်စား ထုတ်ပြန်ကြေညာနိုင်သည်။

(၅) ဥက္ကဋ္ဌ၊ ဘဏ္ဍာရေးမှူးတို့နှင့်အတူ ငွေသွင်းငွေထုတ်ပြုလုပ်ရာတွင် တာဝန်ယူ ရမည်။

(၆) အသင်းဗဟိုဦးစီးအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ပြည်နယ်/တိုင်းဒေသကြီး အသင်းအမှုဆောင်အဖြစ်လည်းကောင်း တက်ရောက်ခြင်း၊ ရွေးချယ်တင် မြှောက်ပွဲတွင်ပါဝင်ခြင်းပြုရမည်။

**ဘဏ္ဍာရေးမှူး၏ တာဝန်ဝတ္တရာများ**

၈၁။ ဘဏ္ဍာရေးမှူးသည်-

(က) မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်း၏ ဝင်ငွေအရပ်ရပ်တို့ကို စာရင်းပြုစုရေးသွင်းခြင်း၊ စုဆောင်းခြင်း၊ ထိန်းသိမ်းခြင်းတို့အတွက် တာဝန်ရှိသည်။

(ခ) မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်း၏ဝင်ငွေအားလုံးကို ခရိုင်အသင်းအမှုဆောင်အဖွဲ့၏ အတည်ပြုချက်အရ အသင်းအမည်ဖြင့် သက်ဆိုင်ရာဘဏ်တွင် ဥက္ကဋ္ဌ၊ အတွင်းရေးမှူး တို့နှင့်အတူ အပ်နှံခြင်း လုပ်ငန်းကို ဆောင်ရွက်ရမည်။

(ဂ) ငွေသွင်း၊ငွေထုတ် ဆောင်ရွက်ရာတွင် ဥက္ကဋ္ဌ၊ အတွင်းရေးမှူး တို့နှင့်အတူ ဆောင်ရွက်ရမည်။ သို့သော် ဘဏ္ဍာရေးမှူး သည် ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူး တွဲဖက်လက်မှတ်ရေးထိုး ငွေသွင်း ငွေထုတ် ပြုလုပ်ရမည်။

(ဃ) ကျပ် ၂၀၀၀၀၀(ကျပ်နှစ်သိန်းတိတိ)ထက်မပိုသောငွေကို ဘဏ်သို့မသွင်းနိုင်မီ ဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် ယာယီ ထိန်းသိမ်းထားနိုင်ခွင့်ရှိသည်။ တစ်ကြိမ်လျှင် ကျပ် ၁၀၀၀၀ (ကျပ်တစ်သောင်းတိတိ)ထက်ပို၍ သုံးစွဲရန်ရှိပါက ဥက္ကဋ္ဌ၏ သဘောတူညီချက်ကိုကြိုတင်ရယူရမည်၊

(င) မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်း၏ လစဉ်ဘဏ္ဍာရေးရှင်းတမ်းကို ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူးထံ လစဉ်တင်ပြရမည်၊

(စ) ဘဏ္ဍာရေးမှူးသည် အမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်အရသာလျှင် ငွေကြေးကို ထုတ်ပေးခွင့်ရှိသည်၊

(ဆ) ဘဏ်နှင့်သက်ဆိုင်သော စာရွက်စာတမ်း အထောက်အထားများကို လုံခြုံစွာ ထိန်းသိမ်းရမည်။

**စာရင်းစစ်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၈၂။ စာရင်းစစ်သည်-

(က) အသင်း၏ငွေစာရင်းများကို စနစ်တကျထားသိုခြင်း၊ ထိန်းသိမ်းခြင်းများ ရှိစေရန် သတ်မှတ်ထားသော ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း များနှင့်ညီညွတ်စေရန် စည်းကမ်းတကျ စစ်ဆေးရမည်။

(ခ) အရအသုံးငွေစာရင်းများကို လေးလလျှင်တစ်ကြိမ်စစ်ဆေးပြီး အမှုဆောင်အဖွဲ့အစည်းအဝေးများတွင် စစ်ဆေးချက်ကို တင်သွင်းရမည်။

(ဂ) မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်းကိုနစ်နာစေမည့် အကြောင်းတစ်စုံတစ်ရာ ပေါ်ပေါက်လျှင် ဗဟိုအမှုဆောင်အဖွဲ့သို့ ချက်ချင်းအစီရင်ခံရမည်။

(ဃ) စာရင်းစစ်သည် လိုအပ်လျှင် အသင်း၏စာရင်းများကို အချိန်မရွေး စစ်ဆေးနိုင်သည်။

**မြို့နယ်အသင်းအမှုဆောင်အဖွဲ့ဝင်များ၏ တာဝန်နှင့်ဝတ္တရားများ**

၈၃။ ဥက္ကဋ္ဌသည်

(က) နစ်ပတ်လည်အစည်းအဝေးများနှင့် အသင်းအမှုဆောင်အဖွဲ့ဝင် အစည်း အဝေးများတွင် သဘာပတိအဖြစ် ဆောင်ရွက်ရမည်။

(ခ) အစည်းအဝေးတွင် ကိုယ်ပိုင်မဲတစ်မဲအပြင် အနိုင်အရှုံး အဆုံးအဖြတ်မဲ ပေးနိုင်သည်။

(ဂ) ဗဟိုအသင်း ညီလာခံကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ ခရိုင်အသင်း အမှုဆောင်အဖြစ် လည်းကောင်း တက်ရောက်ခြင်း၊ ရွေးချယ် တင်မြှောက်ပွဲတွင် ပါဝင်ခြင်းပြုနိုင်သည်။

**အတွင်းရေးမှူး၏ တာဝန်ဝတ္တရားများ**

၈၄။ အတွင်းရေးမှူးသည်-

(က) မြို့နယ်အသင်းအမှုဆောင်အဖွဲ့၏ လုပ်ငန်းတာဝန်များကို ကြီးကြပ် ဆောင် ရွက်ရမည်၊

(ခ) အစည်းအဝေးများတွင် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ခြင်းနှင့် မှတ်တမ်းများ ရေးသားဖြန့်ဝေထိန်းသိမ်းခြင်းပြုရမည်။

(ဂ) လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်းများကို အသင်းအမှုဆောင်အဖွဲ့အစည်း အဝေးများတွင် တင်ပြရမည်။

(ဃ) မြို့နယ်အသင်းအမှုဆောင်အဖွဲ့၏ သဘောတူညီချက်အရ သတင်းများ၊ မှတ်တမ်းများ နှင့် ကြေညာချက်များကို အသင်းအမှုဆောင်အဖွဲ့ကိုယ်စား ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် ထုတ်ပြန် ကြေညာနိုင်သည်။

(င) ဥက္ကဋ္ဌနှင့်အတူ ငွေသွင်းငွေထုတ်ပြုလုပ်ရာတွင် တာဝန်ယူ ရမည်။

(စ) မြို့နယ်အသင်းအမှုဆောင်အဖွဲ့မှ တာဝန်ပေးပါက ဗဟိုအသင်းညီလာခံ ကိုယ်စား လှယ်အဖြစ် လည်းကောင်း၊ ခရိုင်အသင်းအမှုဆောင် အဖွဲ့ဝင်အဖြစ်လည်းကောင်း တက်ရောက်ခြင်း၊ ရွေးချယ်တင် မြှောက်ပွဲတွင်ပါဝင်ခြင်းပြုနိုင်သည်။

**ဘဏ္ဍာရေးမှူး၏ တာဝန်ဝတ္တရာများ**

၈၅။ ဘဏ္ဍာရေးမှူးသည်-

(က) မြို့နယ်အသင်း၏ ဝင်ငွေအရပ်ရပ်တို့ကို စာရင်းပြုစုရေးသွင်းခြင်း၊ စုဆောင်းခြင်း၊ ထိန်းသိမ်း ခြင်းတို့အတွက် တာဝန်ရှိသည်။

(ခ) မြို့နယ်အသင်း၏ဝင်ငွေအားလုံးကို မြို့နယ်အသင်းအမှုဆောင်အဖွဲ့၏ အတည်ပြုချက်အရ အသင်းအမည်ဖြင့် သက်ဆိုင်ရာဘဏ်တွင် ဥက္ကဋ္ဌ၊ အတွင်းရေးမှူး တို့နှင့်အတူ အပ်နှံခြင်းလုပ်ငန်းကို ဆောင်ရွက်ရမည်။

(ဂ) ငွေသွင်း၊ငွေထုတ် ဆောင်ရွက်ရာတွင် ဥက္ကဋ္ဌ၊ အတွင်းရေးမှူး တို့နှင့်အတူ ဆောင် ရွက်ရမည်။ သို့သော် ဘဏ္ဍာရေးမှူးသည် ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူး တွဲဖက်ပြီး လက်မှတ်ရေးထိုးပြီး ငွေသွင်း ငွေထုတ် ပြုလုပ်ရမည်။

(ဃ) ကျပ် ၁၀၀၀၀၀(ကျပ်တစ်သိန်းတိတိ) ထက်မပိုသောငွေကို ဘဏ်သို့မသွင်းနိုင်မီ ဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် ယာယီ ထိန်းသိမ်းထားနိုင်ခွင့်ရှိသည်။ တစ်ကြိမ်လျှင် ကျပ် ၁၀၀၀၀ (ကျပ်တစ်သောင်းတိတိ)ထက်ပို၍ သုံးစွဲရန်ရှိပါက ဥက္ကဋ္ဌ၏ သဘော တူညီချက်ကို ကြိုတင်ရယူရမည်။

(င) မြို့နယ်အသင်း၏ လစဉ်ဘဏ္ဍာရေးရှင်းတမ်းကို ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူးထံ လစဉ်တင်ပြရမည်။

(စ) အမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်အရသာလျှင် ငွေကြေးကို ထုတ်ပေးခွင့်ရှိသည်၊

(ဆ) ဘဏ်နှင့်သက်ဆိုင်သော စာရွက်စာတမ်း အထောက်အထားများကို လုံခြုံစွာထိန်းသိမ်း ရမည်၊

(ဇ) မြို့နယ်အသင်းအမှုဆောင်အဖွဲ့မှ တာဝန်ပေးပါက ဗဟိုအသင်းညီလာခံ ကိုယ်စားလှယ် အဖြစ် တက်ရောက်ရမည်။

**မြို့နယ်အသင်းအမှုဆောင်အဖွဲ့ဝင်၏ တာဝန်ဝတ္တရားများ**

၈၆။ **မြို့နယ်အသင်းအမှုဆောင်အဖွဲ့ဝင်သည်-**

(၁) မြို့နယ်အသင်းဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က အသင်းနှင့်သက်ဆိုင်သော တာဝန်များပေးပါက ဆောင်ရွက်ရမည်။

(၂) မြို့နယ်အသင်းအမှုဆောင်အဖွဲ့မှ တာဝန်ပေးပါက ဗဟိုအသင်း ညီလာခံကိုယ်စားလှယ်အဖြစ် တက်ရောက်ရမည်။

## အခန်း(၁၀)
## အသင်းဝင်တစ်ဦးချင်း၏ တာဝန်နှင့်ရပိုင်ခွင့်များ

**မြန်မာနိုင်ငံ ကျန်းမာရေးအသင်းဝင်များ၏ တာဝန်များ**

၈၇။ အသင်းဝင်များသည်-

(က) အသင်းဝင်ကြေးနှင့် နှစ်စဉ်ကြေးကို မှန်မှန်ပေးသွင်းရမည်။

(ခ) သက်ဆိုင်ရာမြို့နယ်အသင်းများမှ ပြုလုပ်ကျင်းပသည့် သင်းလုံးကျွတ် အစည်းအဝေးများသို့ တက်ရောက်ရမည်။

(ဂ) အသင်းမှချမှတ်သော စည်းမျဉ်းစည်းကမ်းများကို လိုက်နာကျင့်သုံးရမည်။

(ဃ) အသင်းနှင့် အသင်းဝင်များ၏ဂုဏ်သိက္ခာကို စောင့်ထိန်းရမည်။

**မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်းဝင်များ၏ ရပိုင်ခွင့်များ**

၈၈။ မြန်မာနိုင်ငံ ကျန်းမာရေးအသင်းဝင်များသည်-

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ခရိုင်နှင့် မြို့နယ် သင်းလုံးကျွတ်အစည်းအဝေးပွဲများနှင့် ဗဟိုအသင်းညီလာခံများကို တက်ရောက်ခွင့်၊ ဆန္ဒပြုခွင့်နှင့် အရွေးချယ်ခံပိုင်ခွင့်ရှိသည်။

(ခ) မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်းမှဆောင်ရွက်ပေးသည့် အခွင့်အရေးများကို ခံစားပိုင်ခွင့်ရှိသည်။

(ဂ) အကြောင်းတစ်စုံတစ်ရာကြောင့် မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်းဝင်အဖြစ် နုတ်ထွက်လိုသော် ဗဟိုအသင်းသို့လျှောက်ထား၍ ဗဟိုအလုပ်အမှုဆောင်အဖွဲ့မှခွင့်ပြုလျှင် နုတ်ထွက်ခွင့်ရှိသည်၊

(ဃ) အကြောင်းတစ်စုံတစ်ရာကြောင့် မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်းမှ အရေးယူခြင်းခံရပါက ရက်ပေါင်း ၃၀ အတွင်းနှင့် အနီးစပ်ဆုံးကျင်းပသောညီလာခံသို့ အယူခံနိုင်ခွင့်ရှိသည်။

## အခန်း(၁၁)
## အစားထိုးရွေးချယ်ခြင်း

၈၉။ မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်းသည်-

(က) ဗဟိုအမှုဆောင်အဖွဲ့ဝင်များ လစ်လပ်ခဲ့လျှင် အနီးကပ်ဆုံးအသင်းညီလာခံမှ ရွေးချယ်ဖြည့်စွက်ရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ခရိုင်နှင့် မြို့နယ်အသင်းများ၏ အမှုဆောင်အဖွဲ့ဝင်များ လစ်လပ်မှုအတွက် အစားထိုးရွေးချယ်ရမည့် လုပ်ထုံးလုပ်နည်းကို ဗဟိုအမှုဆောင် အဖွဲ့က ရေးဆွဲသတ်မှတ်ရမည်၊

(ဂ) အသင်း၏ဖွဲ့စည်းပုံစည်းမျဉ်းအရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ခရိုင်နှင့် မြို့နယ်အသင်းများနှင့်သက်ဆိုင်သည့် လိုအပ်သောလုပ်ထုံးလုပ်နည်းများကို အသင်းဗဟို အမှုဆောင်အဖွဲ့က ရေးဆွဲသတ်မှတ်ရမည်။ ယင်းလုပ်ထုံးလုပ်နည်းများကို အနီးကပ်ဆုံးအသင်းညီလာခံသို့တင်ပြ၍ အတည်ပြုချက်ရယူရမည်။

## အခန်း(၁၂)
## ဘဏ္ဍာရေး

၉၀။ မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်းနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ခရိုင်နှင့် မြို့နယ်အသင်းများ၏ ဘဏ္ဍာငွေ ရရှိရေးအတွက် အောက်ဖော်ပြပါနည်းလမ်းများဖြင့် ဆောင်ရွက်ရမည်-

(က) အသင်းဝင်ကြေးများနှင့် ဖွံ့ဖြိုးရေးအလှူငွေများကောက်ခံခြင်း။

(ခ) အသင်းဝင်များထံမှ နှစ်စဉ်ကြေးငွေများ ကောက်ခံခြင်း။

(ဂ) စေတနာရှင်များ၏ လှူဒါန်းငွေများကို လက်ခံခြင်း။

(ဃ) နိုင်ငံတော်မှထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ရံပုံငွေများရှာဖွေခြင်း။

(င) အသင်းဝင်ကြေးတစ်သောင်းကျပ်နှင့် <u>နှစ်စဉ်ကြေးများသတ်မှတ်၍ကောက်ခံခြင်း။</u>

၉၁။ အသင်းဝင်များထံမှ နှစ်စဉ်ကြေးကို ကောက်ခံရာတွင် နှစ်၏ ဇန်နဝါရီလ(၁)ရက်နေ့မှ ဒီဇင်ဘာလ (၃၁)ရက်နေ့အထိကာလကို သတ်မှတ်သည်။

၉၂။ နှစ်စဉ်ကြေး၏ ၅၀% ကို မြို့နယ်အသင်း၊ ၂၅% ကို ခရိုင်အသင်း၊ ၂၅% ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အသီးသီးတို့ကို ပေးသွင်းရမည်။

## အခန်း(၁၃)
## အသင်းဖွဲ့စည်းပုံစည်းမျဉ်းပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း

၉၃။ (က) မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်း၏ ဖွဲ့စည်းပုံစည်းမျဉ်းကို ပြင်ဆင်လိုပါက အသင်းသားတစ်ဦးချင်းသည် နှစ်ပတ်လည် ညီလာခံကျင်းပရန်ကြေညာသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း သက်ဆိုင်ရာမြို့နယ်အသင်း များမှတစ်ဆင့် အကြံပြုချက်ကို တင်သွင်းရမည်။ ယင်းအကြံပြုချက်ကို ဗဟိုအသင်းအမှုဆောင်အဖွဲ့သို့ ကြိုတင်မိတ္တူပေးပို့နိုင်သည်။

(ခ) ဗဟိုအသင်းအမှုဆောင်အဖွဲ့သည် တင်သွင်းရောက်ရှိလာသော အကြံပြုချက်များကို စနစ်တကျ စုစည်း၍ အနီးကပ်ဆုံးညီလာခံတွင်တင်ပြပြီး ရွေးချယ်ရမည်။

**အခန်း(၁၄)**

**အထွေထွေ**

၉၄။ အသင်းဌာနချုပ်တွင် ပုံမှန်ရုံးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် "အသင်းရုံးအဖွဲ့" ကို ဖွဲ့စည်းပြီး ထိုရုံးအဖွဲ့၏ လုပ်ငန်းတာဝန်နှင့် ရပိုင်ခွင့်များကို ဗဟိုအမှုဆောင်အဖွဲ့က သတ်မှတ်ပေးရမည်။

၉၅။ အသင်းအမှုဆောင်အဖွဲ့၏တာဝန်များကို ထမ်းဆောင်ရာတွင် ပိုမိုသွက်လက် အောင်မြင်စေရေးအတွက် ဗဟိုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ခရိုင်၊ မြို့နယ်အသင်း အမှုဆောင်အဖွဲ့ဝင်များဖြင့်ဖြစ်စေ၊ သင့်တော်ကျွမ်းကျင်သည့် အသင်းဝင်များဖြင့်ဖြစ်စေ၊ လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းရမည်။